Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေး အလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၂

# သင်ယူသူများကိုသိရှိခြင်း

Implemented by: British Council, The Open University, VSO, montrose

# သင်ရိုးပိုင်း ၂။ သင်ယူသူများကိုသိရှိခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ဒုတိယပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေးအလေ့အကျင့်များသည် ၂၁-ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့်ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူ ဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| **၂** | **သင်ယူသူများကိုသိရှိခြင်း** |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

မိမိ၏သင်ယူသူများ၊ အားလုံးအကျုံးဝင်အရင်းအမြစ်များ၊ အာရုံအမျိုးမျိုးဖြင့်သင်ယူမှုအကြောင်းမည်မျှသိကြောင်း စဉ်းစားရာတွင် ဤသင်ရိုးပိုင်းက အထောက်အကူပြုပါမည်။

သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏လက်ရှိနှင့် အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲ တွေးတောရန် အရေးကြီးပါသည်။ ဤ ဆရာအတတ်ပညာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး(CPD)သင်ရိုးသည် သင်နှင့်လုပ်ဖော်ကိုင်ဖက်များအကြား လုပ်ငန်းတူအုပ်စုများ ဖော်ဆောင်ရန်လည်း အားပေးပါသည်။ မိမိသင်ကြားရေးတွင် အားလုံးအကျုံးဝင်သည့်အလေ့အကျင့်များအသုံးပြုမှုကို ပံ့ပိုးပေးကာ

ပိုမိုကျယ်ပြန့်စေမည်ဖြစ်ပြီး ဆရာအတတ်သင် ကျောင်းသူ/သားများ၏ သင်ယူမှုနှင့် အနာဂတ်လုပ်ငန်းခွင်အလေ့အကျင့်အတွက် အားလုံးအကျုံးဝင်မှုကို အခြေပြု တည်ဆောက်စေနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။




အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ  လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

Source: Rose, N. (2018) Personal Learning Journals

မိမိအသုံးပြုရလွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများကို ဖြေကြားသည့် မှတ်စုများ ရေးနိုင်သည်။

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယားတစ်ခု ဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ဖော်ကိုင်ဖက်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန်  ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက်အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် 'Think, pair, share'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေ အတူတူတိုက်ကြရန်။

## သင်ရိုးပိုင်း ၂ အတွက်သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့်အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။**

**၁. မိမိတပည့်များအကြောင်းသိရန်အရေးကြီးပုံကို ရှင်းပြခြင်း**

**၂. တပည့်များအကြောင်း သိနိုင်မည့်နည်းလမ်းများကို ဆွေးနွေးခြင်း**

**၃. သင်ယူမှုအရင်းအမြစ်သည် အားလုံးအကျုံးဝင်မှုရှိမရှိ ဆုံးဖြတ်ခြင်း**

**၄. အာရုံအမျိုးမျိုးဖြင့်သင်ယူမှု၏ အရေးပါပုံကို ရှင်းပြခြင်း**

**၅. သင်ခန်းစာအစီအစဉ်တွင် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု ပါဝင်အောင် ပြုပြင်ခြင်း**

## ၁. နိဒါန်း

ယခင်သင်ရိုးပိုင်းသည် အားလုံးအကျုံးဝင်မှုသဘောတရားနှင့် ၎င်းသည်မိမိအတွက်မည်သို့ အဓိပ္ပါယ်ဆောင်ကြောင်းကို မိတ်ဆက်ပေးခဲ့ပြီး၊ သင့်ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မတစ်ဦးအနေဖြင့်သင်သည် သင်ကြားရေးတွင် အားလုံးအကျုံးဝင်မှု ရှိမရှိကို စိစစ်သုံးသပ်ခဲ့ပါသည်။ ဤဒုတိယသင်ရိုးပိုင်းတွင် 'သင့် သင်ယူသူများကိုသိရှိရန်' အလွန်အရေးကြီးကြောင်းနှင့် အားလုံးအကျုံးဝင်အရင်းအမြစ်များမှ တစ်ဦးချင်းစီ၏လိုအပ်ချက်ကို ထောက်ပံ့ဖြည့်ဆည်းနိုင်ပုံကို မိတ်ဆက်ပေးပါမည်။ နောက်ဆုံးအပိုင်း၌ အာရုံအမျိုးမျိုးဖြင့်သင်ယူမှု၊ ယင်းသည် မိမိတပည့်များ၏လိုအပ်ချက်အမျိုးမျိုးကို ထိထိရောက်ရောက်ပံ့ပိုးနိုင်ပုံတို့ကို စူးစမ်းပါမည်။

ဤသင်ရိုးပိုင်းတွင် သင်လုပ်ဆောင်ရန်မှာ

- ✓ 'သင့်တပည့်များအကြောင်းကို သိရှိခြင်း'၊ အားလုံးအကျုံးဝင်အရင်းအမြစ်များနှင့် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု အကြောင်း ဖတ်ခြင်း
- ✓ ဗီဒီယိုများကြည့်ကာ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုဖွဲ့ပြီးလုပ်ဆောင်ခြင်း
- ✓ အဓိကမေးခွန်းများအကြောင်း တွေးခြင်း
- ✓ သင်ရိုးပိုင်းအဆုံးသတ် ပဟေဠိဖြေဆိုခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကို ပြန်လည်သုံးသပ်ခြင်း
- ✓ တပည့်များကို ကတိပေးခြင်း

**ဤသင်ရိုးပိုင်းကို ပြီးဆုံးရန် ၈ နာရီဝန်းကျင်**ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ယူမှုအတွေ့အကြုံဖြစ်အောင် အချိန်ယူလုပ်ဆောင်ပါ။

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal) –** သင့်အဖြေနှင့်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
| | **ဖတ်ပါ (Read) –** ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

## ၁.၁ ယခင်သင်ကြားရေးနှင့်ချိတ်ဆက်မှု - သင်ရိုးပိုင်း ၁ (အားလုံးအကျုံးဝင်မှု)

သင်ရိုးပိုင်း ၁ ကို ပြန်တွေးပါ။ အားလုံးအကျုံးဝင်မှုအကြောင်း အောက်ပါအဆိုများကို စကားလုံးများဖြင့်ကွက်လပ်ဖြည့်ပါ။ နမူတစ်ခုလုပ်ပြထားပါသည်။

ဖြည့်ရန်စကားလုံးများ

| | | | | |
|---|---|---|---|---|
| ချန်လှပ်ထားခြင်း | မိသားစုများ | ဖယ်ရှားခြင်း | ~~ဖြစ်စဉ်~~ | ကျန်းမာရေးနှင့်ညီညွတ်သော ဝန်းကျင်များ ဖြစ်သည် |
| သင်ယူသည် | အားလုံး | ချန်လှပ်ထားမှု | ပါဝင်မှု | သင်ယူသူအားလုံးကိုကြိုဆိုသည့် |

၁. အားလုံးအကျုံးဝင်မှုဟူသည်မှာ (၁) ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ကျောင်းသူ/သားတို့၏ ကွဲပြားခြားနားမှုများအပေါ် ပိုမိုကောင်းမွန်စွာ တုံ့ပြန်နည်းကို အသိတရားရှိရှိ ရှာဖွေခြင်းဖြစ်သည်။

၂. အားလုံးအကျုံးဝင်မှုဟူသည်မှာ ကလေးများ သင်ယူရာတွင် ခက်ခဲစေသည့် အတားအဆီးများကို (၂)__________ ဖြစ်သည်။

၃. အားလုံးအကျုံးဝင်မှုဟူသည်မှာ ကျောင်းသူ/သားများ (၃)_________ ၏ တက်ရောက်မှု၊ (၄) ______________ နှင့်အောင်မြင်မှုကို တန်ဖိုးထားခြင်းဖြစ်သည်။

၄. အားလုံးအကျုံးဝင်မှုတွင် ဘေးဖယ်ခံထားရခြင်း (သို့) (၅) _____________ခြင်း သို့မဟုတ် အောင်မြင်နိုင်ချေနည်းခြင်းတို့ကို တွေ့ကြုံနိုင်သော သင်ယူသူများအား အထူးဂရုထားပေးပါသည်။ ကျောင်းများ အားလုံးအကျုံးဝင်လာရေးအတွက် ဆရာ/မများ၊ (၆)_______________၊ ရပ်ရွာလူထု၊ နိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်များ၊ ပညာရေးအရာရှိ စသည့် လူတိုင်းပါဝင်ပေးရန် လိုအပ်ပါသည်။

၅. အားလုံးအကျုံးဝင်သည့် ကျောင်းများသည် (၇)__________________ ၊ ကလေးအားလုံးအား ကာကွယ်စောင့်ရှောက်ပေးပြီး ကျား/မကွဲပြားမှုကို တုံ့ပြန်မှုရှိပါသည်။

၆. အားလုံးအကျုံးဝင်သည့် ကျောင်းများတွင် မည်သည့်ကလေးကိုမျှ မိတ်ဆွေများနှင့်ခင်မင်ခြင်းမှ (၈)__________ မရှိစေရပါ။

၇. အားလုံးအကျုံးဝင်သည့်ကျောင်းများသည် (၉)___________________________________ နေရာများဖြစ်ပါသည်။

**၁.၁ အဖြေ**

| | | | | |
|---|---|---|---|---|
| ၁. ဖြစ်စဉ် | ၂. ဖယ်ရှားခြင်း | ၃. အားလုံး | ၄. ပါဝင်မှု | ၅. ချန်လှပ်ထားမှု |
| ၆. မိသားစုများ | ၇.ကျန်းမာရေးနှင့်ညီညွတ်သောဝန်းကျင်များ ဖြစ်သည် | ၈. ချန်လှပ်ထားခြင်း | ၉. သင်ယူသူအားလုံးကို ကြိုဆိုသည့် | |

## ၂. သင်ယူသူများကို သိရှိခြင်း

အားလုံးအကျုံးဝင်မှုဆိုသည်မှာ ကျောင်းသူ/သား**အားလုံး** သင်ခန်းစာတိုင်းတွင် ထိထိရောက်ရောက် ပါဝင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အတွက် (က) ကျောင်းသူ/သားများသင်ယူမှုကို ရပ်တန့်စေသည့် အတားအဆီးများအား ဖယ်ရှားခြင်း (ခ) မိမိတို့ဘဝတွင် ကျောင်းသူ/သားများ စိတ်ပါဝင်စားသည့်အရာများကို ဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ဆောင်ပေးပါမည်။ ကျောင်းသူ/သားများ၏အမည်၊ ကျောင်းကပေးအပ်သည့် မည်သည့်လုပ်ဆောင်စရာများကို အောင်မြင်စွာလုပ်နိုင်ခဲ့သည်၊ မိသားစုနောက်ခံအကြောင်း စသည်တို့ကို သိထားသော်လည်း အားလုံးအကျုံးဝင်သည့် သင်ခန်းစာကို ပြင်ဆင်နိုင်ရန် အချက်အလက်မလုံမလောက်ဖြစ်နေပါမည်။ သင်ယူသူအားလုံး တတ်နိုင်သမျှ တတ်မြောက်စေရန် အထောက်အကူပြုနိုင်သည့် အခြားအရေးကြီးသည့် အချက်အလက်များစွာ ရှိပါသေးသည်။

### ၂.၁ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

ပြန်လှန်သုံးသပ်ချက် - **မိမိ၏ တပည့်များအကြောင်း သင် မည်မျှလောက်ကောင်းကောင်းသိသည်**ဟု ထင်ပါသနည်း။

အောက်ပါစကေးတွင် မိမိကို အနီးစပ်ဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင် ဖြေဆိုပါ။

သင်ရိုးပိုင်းအပြီး ထပ်လုပ်ရပါမည်။

| ကောင်းကောင်း မသိပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ကောင်းကောင်း သိပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

#### ၂.၁.၁ 'သင်ယူသူများကို သိရှိခြင်း'သည် အဘယ်ကြောင့်အရေးကြီးပါသနည်း

စဉ်းစားပါ - သင်ယူသူများကိုသိရှိရန် အဘယ်ကြောင့်အရေးကြီးပါသနည်း။ ဆရာ/မနှင့် ကျောင်းသူ/သားတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်သောကြောင့် ဆက်လက်စူးစမ်းပါမည်။ နောက်လုပ်ဆောင်ချက်တွင် 'သင်ယူသူများကိုသိရှိခြင်း' ဗီဒီယိုကို ကြည့်ကြပါမည်။

## ယူကျူ့ဗီဒီယိုကြည့်လျှင်မှတ်သားဖွယ်

မိမိတို့အားလုံးနည်းလမ်းမျိုးစုံဖြင့်လေ့လာကြသည်။ အချို့ကကြည့်ရှုခြင်းကိုကြိုက်ပြီး အချို့ကနားထောင်ခြင်း၊ အချို့က ဖတ်ရှုခြင်းကို ကြိုက်ကြပါသည်။ သုံးမျိုးလုံးအရောအနှောဖြစ်လေ့ရှိပါသည်။ ထို့ကြောင့် ဗီဒီယိုကြည့်စဉ် **စာတမ်းထိုး**ကို ဖွင့်ထားပြီး နားထောင်ရုံထောင်ခြင်းမဟုတ်ပဲ စာလည်းဖတ်နိုင်ပါသည်။ မကြည့်မီနှင့် ကြည့်အပြီး အချက်အလက်များကို အချိန်ယူသုံးသပ်၊ မှတ်သားစေနိုင်မည့် ဖတ်စရာ**ဗီဒီယိုစာသား**လည်း ရှိပါသေးသည်။ အောက်ပါပုံများတွင် လုပ်နည်းကိုပြသ ထားပါသည်။

### ၂.၁.၂ ယူကျူ့ဗီဒီယိုတွင်ထိုးသည့်စာတမ်း

ယူကျူ့ဗီဒီယိုတွင် **စာတမ်းထိုး**ကိုဖွင့်လိုက်ပါ။




### ၂.၁.၃ ယူကျူ့ဗီဒီယိုရှိ စာသားမှတ်တမ်း

ယူကျူ့ဗီဒီယိုရှိ **စာသားမှတ်တမ်း** ကိုဖတ်ရန် အစက် ၃ စက်ကို နှိပ်ပါ။




'Open transcript' ကို နှိပ်ပါ။

**လုပ်ဆောင်ချက် ၂.၁ 'သင်ယူသူများကို သိရှိခြင်း'၏အကျိုးကျေးဇူးများ အပိုင်း ၁ (၁၅ မိနစ်)**

အောက်ပါဗီဒီယိုကားတိုကိုကြည့်ပြီး သင်ယူသူများအကြောင်းသိရှိခြင်း၏ အကျိုးကျေးဇူးများကို စဉ်းစားပါ။ သုံးသပ်ရန်မှာ
၁. ဆရာ/မများသည် တပည့်များအကြောင်းသိရန်အရေးကြီးပုံ
၂. မိမိတို့၏ သင်ယူမှုအရင်းအမြစ်များတွင် လူအမျိုးမျိုး၊ ဓလေ့အဖုံဖုံကို ပြသရန်အရေးကြီးပုံ
၃. ကျောင်းသူ/သားများ၏ သင်ယူပုံအမျိုးမျိုး
မိမိအတွေးကို သင်ယူမှုဂျာနယ်တွင်ရေးချပါ။ သင်ရိုးပိုင်းနောက်ပိုင်းတွင် အသုံးပြုရပါမည်။

အောက်ပါ ဗီဒီယိုမှပြောစကားကိုဖတ်ကြားလိုလျှင် **စာတမ်းထိုး**များရှိပါသည်။ ဖတ်ချိန်ပိုမိုလိုအပ်လျှင် ဗီဒီယို**စာသား**ကို ဖွင့်ကြည့်နိုင်ပါသည်။



ဗီဒီယို - သင်ယူသူတို့၏လိုအပ်ချက်များကိုနားလည်ခြင်း
www.youtube.com/watch?v=ENvkE_0N3jo

**လုပ်ဆောင်ချက် ၂.၂ - 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူးများ အပိုင်း ၂ (၁၅-၃၀ မိနစ်)**

ဗီဒီယိုကြည့်ပြီးလျှင် အောက်ပါစာနှစ်ပုဒ်မှ **တစ်ပုဒ်**ကိုဖတ်ပါ။ ပထမတစ်ပုဒ်မှာ စာအုပ်အခန်းတစ်ခုကို အတိုချုံးထားခြင်းဖြစ်ပြီး **ဖတ်ရပိုမိုလွယ်ကူပါသည်**။ ဒုတိယအပုဒ်မှာ အင်္ဂလိပ်စာကို အလွယ်တစ်ကူဖတ်နိုင်သူများ၊ စိန်ခေါ်မှုကိုနှစ်သက်သူများအတွက် ဖြစ်ပါသည်။
သင်ယူမှုဂျာနယ်တွင် အထူးသဖြင့် 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူးနှင့်သက်ဆိုင်သည့် ဝေါဟာရအသစ်ရှိလျှင် မှတ်သားပါ။

**စာပိုဒ် ၁** (ပိုလွယ်သည့်မှု) – ဝီလျံပေါင်းဝဲ(လ်)နှင့်အိုချန်ကုဆုမပေါင်းဝဲ(လ်)တို့၏ 'အခုဘယ်လိုသင်ကြမလဲ'ကို မှီငြမ်းထားပါသည် (ဖတ်ချိန် ၁၅ မိနစ်)။ သင်ရိုးပိုင်းအဆုံး **နောက်ဆက်တွဲ ၁** တွင်တွေ့နိုင်ပါသည်။

သို့မဟုတ်

**(မိမိကိုယ်မိမိ ယုံကြည်စိတ်ချလျှင်) ဆက်လက်လုပ်ဆောင်ရန်**
**စာပိုဒ် ၂** (ခက်ခဲသည့်မှု)- www.ascd.org/publications/books/111011/chapters/Knowing-Our-Students-as-Learners.aspx (ဖတ်ချိန် ၃၀ မိနစ်)

http://www.ascd.org/publications/books/111011/chapters/Knowing-Our-Students-as-Learners.aspx

**ဆွေးနွေးချက် - 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူးများ**

မိမိတပည့်အားလုံးကို အားပေးနိုင်စေရန် အဓိကအကျိုးကျေးဇူးများကိုသိရှိရန် အရေးကြီးပါသည်။

၁. စာသင်ခန်းထဲရှိ သင်ယူသူတိုင်းအတွက် **ဘေးကင်းလုံခြုံသည့်ဝန်းကျင်**တစ်ရပ်ဖန်တီးနိုင်ရန်နှင့် ၎င်းတို့ မိမိကိုယ်ကို ပိုမို**ယုံကြည်စိတ်ချ**စေရန်

၂. သင်ယူသူတစ်ဦးချင်း၏ **သင်ယူရန်အသင့်ဖြစ်မှု**ကို နားလည်ရန် (သင်ယူရန် မည်မျှအဆင်သင့်ဖြစ်ပြီး တက်ကြွသလဲ)

၃. မိမိတပည့်များ၏ စိတ်ဝင်စားရာ၊ အတွေ့အကြုံနှင့် တွေးခေါ် ပုံတို့ကို သိသည့်အခါ **ဘာသာရပ်တစ်ခုကို မိတ်ဆက်နိုင်သည့် နည်းမျိုးစုံကို ဖော်ထုတ်နိုင်ပါသည်**

၄. သင်ယူသူများကို ဂရုထားပြီး နားလည်မှုပေးသည့် **တုံ့ပြန်ဆက်ဆံမှု**များပြုရန်

၅. မိမိစာသင်ခန်းတွင်း မတူကွဲပြားခြားနားမှု (ကွာခြားမှုများ)ကို **တန်ဖိုးထားပြီး ထိုကွဲပြားမှုမှလေ့လာရန်**

၆. မိမိတပည့်များသင်ယူမှုအတွက် **အထိရောက်ဆုံးဖြစ်အောင် ပြင်ဆင်သင်ကြားရန်**

## လုပ်ဆောင်ချက် ၂.၃ ‘သင်ယူသူများကိုသိရှိခြင်း’၏ အကျိုးကျေးဇူးများ အပိုင်း ၃ (၁၅-မိနစ်)

ဘယ်ဖက်မှ (နံပါတ် ၁-၆)စာရင်းက ‘သင်ယူသူများကိုသိရှိခြင်း’၏ အဓိကအကျိုးကျေးဇူးများကို ဖော်ထုတ်ထားပါသည်။ (ပြီးခဲ့သည့်အပိုင်းမှ ဆွေးနွေးချက်ကိုကြည့်ပါ)။ ခြောက်မျိုးရှိကြောင်း သတိချပ်ပါ။

သင်ယူသူများကိုသိရှိခြင်းသည် **မိမိစာသင်ခန်းတွင် မည်သည့်အသွင်ဆောင်**နိုင်မည့်အကြောင်းတွေးပါ။ ဥပမာနှစ်ခု ပေးထားပါသည်။ သင်ယူမှုဂျာနယ်တွင် ရေးပါ။

| | သင်ယူသူများကို သိခြင်း၏ အကျိုးကျေးဇူးများ | အတန်းတွင်း ယေဘုယျ ဖြစ်နိုင်ချေ |
|---|---|---|
| 1 | ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင် | ရုပ်ပိုင်းဆိုင်ရာ အန္တရာယ် မဖြစ်စေရေး အာမခံချက်ပေးခြင်းဖြစ်သည်။ ကျောင်းသူ/သားများအား စိတ်ပိုင်းဆိုင်ရာ လုံခြုံအောင်ထားခြင်းလည်း ဖြစ်နိုင်ပါသည်။ |
| 2 | “သင်ယူရန်အဆင်သင့်ဖြစ်ခြင်း” | ကျောင်းသူ/သားတစ်ဦးချင်းသည် စိန်ခေါ်မှုကိုခံနိုင်သည့် ‘စွမ်းရည်’ မည်မျှ ရှိသည်ကို သိရှိခြင်းဖြင့် ၎င်းတို့ကို လုံလောက်စွာ စိန်ခေါ် နိုင်ခြင်း |
| 3 | ဘာသာရပ်မိတ်ဆက်နည်း အမျိုးမျိုးကို ဖော်ထုတ်ခြင်း | |
| 4 | တုံ့ပြန်ဆက်ဆံခြင်း | |
| 5 | မတူကွဲပြားမှုကို တန်ဖိုးထားခြင်းနှင့် လေ့လာခြင်း | |
| 6 | သင်ကြားရေးအထိရောက်ဆုံးဖြစ်အောင် ပြင်ဆင်ခြင်း | |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၂.၄ 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူးများ အပိုင်း ၄ (၃၀-မိနစ်)

လုပ်ဆောင်ချက် ၂.၃ သည် မိမိစာသင်ခန်းတွင်း 'ဘေးကင်းလုံခြုံသည့်ဝန်းကျင်'တစ်ရပ်ကို သာဓကဆောင်ခဲ့ပြီ။ အထက်ပါအဖြေများကိုသုံးပြီး ဆက်လက်**<u>ချဲ့ထွင်စဉ်းစား</u>**ပါ။ အောက်ပါဘယ်ဖက်ရှိစာရင်းသည် 'သင်ယူသူများကိုသိရှိခြင်း'၏ အဓိကအကျိုးကျေးဇူး အရေးကြီးပုံအကြောင်း သတိမူမိစေပါမည်။

အကျိုးကျေးဇူး ၆ ခုမှ တစ်ခုချင်း အတန်းတွင်းမှာ **မည်ကဲ့သို့ရရှိနိုင်ကြောင်း** စဉ်းစားပါ။ ဥပမာနှစ်ခုပေးထားပါသည်။ သင်ယူမှုဂျာနယ်တွင်ရေးပါ။

| | သင်ယူသူများကို သိခြင်း၏ အကျိုးကျေးဇူးများ | အတန်းတွင်းမှာ မည်ကဲ့သို့ရရှိနိုင်ပါမည်နည်း |
|---|---|---|
| 1 | ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင် | ပစ္စည်းကိရိယာများ လုံခြုံစွာသိမ်းထားပါ။ ကျောင်းသူ/သားများ အားလုံးမှားရန် မကြောက်ဘဲ အားလုံးစိတ်ချလက်ချမေးခွန်းမေးရဲကြပါစေ။ |
| 2 | "သင်ယူရန်အဆင်သင့်ဖြစ်ခြင်း" | လုပ်ဆောင်ချက်လုပ်ရာတွင် ကျောင်းသူ/သားများ၏ အားသာချက်နှင့် အခက်အခဲများကို သတိမူပါ၊ ယင်းတို့အတွက် ကြိုတင်အစီအစဉ် ပြုလုပ်ပါ။ |
| 3 | ဘာသာရပ်မိတ်ဆက်နည်း အမျိုးမျိုးကို ဖော်ထုတ်ခြင်း | |
| 4 | တုံ့ပြန်ဆက်ဆံခြင်း | |
| 5 | မတူကွဲပြားမှုကို တန်ဖိုးထားခြင်းနှင့် လေ့လာခြင်း | |
| 6 | သင်ကြားရေးအထိရောက်ဆုံးဖြစ်အောင် ပြင်ဆင်ခြင်း | |

### လုပ်ဆောင်ချက် ၂.၃ နမူနာအဖြေ - 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူးများ

| | | |
|---|---|---|
| ၁ | ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင် | ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အန္တရာယ်ကင်းပြီး စိတ်လည်းလုံခြုံခြင်း |
| ၂ | "သင်ယူရန်အဆင်သင့်ဖြစ်ခြင်း" | သင်ယူသူများ၏စွမ်းရည်ကိုအသိအမှတ်ပြုခြင်း |
| ၃ | ဘာသာရပ်မိတ်ဆက်နည်း အမျိုးမျိုးကို ဖော်ထုတ်ခြင်း | သင်ယူသူများ၏စိတ်ဝင်စားသည့်အရာဖြင့် ပါဝင်သင်ယူလာစေခြင်း |
| ၄ | တုံ့ပြန်ဆက်ဆံခြင်း | အတန်းတွင်း မိမိအား ချဉ်းကပ်နိုင်ပြီး တပည့်များအား ဂရုထားပါ။<br>တပည့်များ၏အမည်ကို သုံးပါ။ |
| ၅ | မတူကွဲပြားမှုကို တန်ဖိုးထားခြင်းနှင့် လေ့လာခြင်း | မတူကွဲပြားမှုကိုစူးစမ်းပြီး တန်ဖိုးထားလက်ခံပါ။ |
| ၆ | သင်ယူမှုအထိရောက်ဆုံးဖြစ်အောင် ပြင်ဆင်ခြင်း | အားလုံးပေါက်မြောက်အောင်မြင်ရန် သင်ယူမှုကို စီစဉ်ပါ။ |

### လုပ်ဆောင်ချက် ၂.၄ နမူနာအဖြေ - 'သင်ယူသူများကိုသိရှိခြင်း'၏ အကျိုးကျေးဇူး

| | | |
|---|---|---|
| ၁ | ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင် | ပစ္စည်းကိရိယာများကို လုံခြုံစွာသိမ်းထားပါ။ ကျောင်းသူ/သားများ အားလုံး<br>မှားရန် မကြောက်ဘဲ အားလုံးစိတ်ချလက်ချမေးခွန်းမေးရဲကြပါစေ။ |
| ၂ | "သင်ယူရန်အဆင်သင့်ဖြစ်ခြင်း" | လုပ်ဆောင်ချက်လုပ်ရာတွင် ကျောင်းသူ/သားများ၏ အားသာချက်နှင့်<br>အခက်အခဲများကို သတိမူပါ၊ ယင်းတို့အတွက် ကြိုတင်အစီအစဉ် ပြုလုပ်ပါ။ |
| ၃ | ဘာသာရပ်မိတ်ဆက်နည်း အမျိုးမျိုး ဖော်ထုတ်ခြင်း | ကျောင်းသူ/သားများ၏ စိတ်ဝင်စားမှုတို့ကိုသိပြီး လုပ်ဆောင်ချက်တွင်<br>ထည့်သွင်းသုံးနိုင်အောင် စီစဉ်ပါ။ |
| ၄ | တုံ့ပြန်ဆက်ဆံခြင်း | ကျောင်းသူ/သားများ၏အမည်ကို သုံးပါ၊ အမှားလုပ်ရန် အားပေးပါ၊<br>အပြုသဘောဆောင် တုံ့ပြန်ဖြေကြားပါ။ |
| ၅ | မတူကွဲပြားမှုကို တန်ဖိုးထား လေ့လာခြင်း | သင်ယူသူတစ်ဦးချင်းစီ သဘောသဘာဝမတူညီပုံကိုသိပြီး ရင်းမြစ်များ<br>အားလုံးအား သင်ယူသူအားလုံးသုံးနိုင်ရန်စီစဉ်ပါ။ |
| ၆ | သင်ယူမှုအထိရောက်ဆုံးဖြစ်အောင် ပြင်ဆင်ခြင်း | သင်ယူသူများ၏စရိုက်၊ ရှိနေသည့်အတားအဆီးနှင့် စိတ်ပါဝင်စားမှုတို့ကိုသိပါ။<br>တစ်ဦးချင်းစီအတွက်သင့်တော်သည့် အဆင့်တစ်ခုတွင်လုပ်နိုင်သည့်<br>လုပ်ဆောင်ချက်အမျိုးမျိုး၊ ပစ္စည်းအဖုံဖုံရှိအောင်ထားပါ။ |

### ဆွေးနွေးချက် ၂.၃ နှင့် ၂.၄

'သင်ယူသူများကို သိရှိခြင်း'ဖြင့် ဆရာ/မတို့အတွက် အကျိုးကျေးဇူးမြောက်မြားစွာရှိနိုင်ပါသည်။ အထက်ပါ အကျိုးကျေးဇူး ၆ ခုမှ တစ်ခုစီသည် သင်နှင့် သင့်တပည့်များအား အတန်းတွင်းတွင် အထောက်အကူပြုပါလိမ့်မည်။ မိမိကိုယ်တိုင် စိတ်ပါစိတ်ဝင်စားသည့် သင်ယူသူများသည် ပိုမိုထိရောက်စွာ တုံ့ပြန်ပါမည်။ သင်ယူသူတစ်ဦးချင်းသည် မိမိကိုတန်ဖိုးထားသည်ဟုခံစားနိုင်ရန်၊ ကျောင်းတက်ချင်စိတ်ရှိပြီး သင်ယူမှုတွင်ပျော်မွေ့ရန်နှင့် အောင်မြင်ကြစေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။ ဤနည်းအားဖြင့် အားလုံးအတွက် သင်ကြားရေးလုပ်ငန်းသည် အကျိုးလည်းရှိ၊ တက်ကြွစိတ်ဝင်စားဖွယ်လည်းဖြစ်စေပါမည်။

## ၂.၂ သင်ယူသူများကို မည်သို့ ‘သိရှိ’နိုင်သနည်း

၂.၁ တွင် **အဘယ်ကြောင့်** ‘သင်ယူသူများကိုသိရှိ’ရန် အရေးကြီးကြောင်း၊ သိရှိခြင်းသည် ဆရာ/မနှင့် သင်ယူသူများအတွက်မည်သို့ အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း စူးစမ်းထားပါသည်။ ဤအပိုင်းတွင်မူ မိမိတပည့်များအကြောင်း **မည်သို့**စူးစမ်းရှာဖွေနိုင်ကြောင်းနှင့် အားလုံးအကျုံးဝင်စာသင်ခန်းအတွက် စီစဉ်ရာတွင် ထိုအကြောင်းအချက်အလက်များကို မည်ကဲ့သို့သုံးနိုင်ကြောင်း ဥပမာများပေးထားပါသည်။

သင်ယူသူအရေးအတွက်များသည့် အတန်းမှအချက်အလက်များကို စီမံခန့်ခွဲရာတွင်ခက်ခဲနိုင်ပါသည်။ မိမိ၏တပည့် **တစ်ယောက်**၏ ဘဝအကြောင်းနှင့် **အမှန်တကယ်သူ့အကြောင်းမည်မျှသိကြောင်း** ခဏတာမျှစဉ်းစားပါ။

**ယခင်**




**နောင်အခါ**

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## ဆွေးနွေးချက် - သင်ယူသူတို့အကြောင်း မိမိသိရန်လိုသည့်အချက်အလက်များ

တပည့်**အားလုံး**အကြောင်းကို မိမိသိထားသည်မှာ **အလွန်နည်းပါး**နိုင်ပါသည်။ တပည့်အများအစုအကြောင်း အချက်အလက် **အချို့သိ**ကောင်းသိပါမည်။ **သင်ရည်ရွယ်ရန်မှာ** တပည့်**<u>အားလုံး</u>အကြောင်း အချက်အလက်ပမာဏနှင့် အမျိုးအစား မှန်မှန်ကန်ကန် သိရှိရန်ဖြစ်ပါသည်။**

အသုံးဝင်သည့်အချက်အလက်များကို အမျိုးအစား ၅-မျိုးခွဲနိုင်ပါသည်။ အချင်းချင်းသက်ရောက်မှုရှိနိုင်ပါသည်။




Source: www.myanmargraphic.com (free use)

Powell, W and Kusuma-Powell, O (2011) How to Teach Nowကိုမှီငြမ်းသည်။

နောက်လုပ်ဆောင်ချက်တွင် မိမိ'ကလေးများကိုသိ'စေနိုင်မည့် အချက်အလက်အမျိုးအစားများကိုစူးစမ်းလေ့လာပါမည်။

## ဆွေးနွေးချက် - သတိချပ်ဖွယ် အဓိကအချက်များနှင့် မိမိ၏တပည့်များအားမေးမြန်းနိုင်သည့်မေးခွန်းအမျိုးအစား

သင်ယူသူအားလုံးအကြောင်း၊ ၎င်းတို့လိုအပ်ချက်နှင့်စွမ်းရည်အကြောင်း စေ့စေ့စပ်စပ်တွေးရန် အရေးကြီးပါသည်။ သင်ယူသူ တစ်ဦးချင်းသည်သီးသန့်စရိုက်နှင့်အခြေအနေများရှိပါမည်။ ၎င်းတို့ကို ဖော်ထုတ်ခြင်း၊ နားလည်ခြင်း၊ အစီအစဉ်ဆွဲရာတွင် သုံးခြင်းတို့ကို မပြုလုပ်သရွေ့ မိမိသင်ခန်းစာသည် အားလုံးအကျုံးဝင်နိုင်ချေ အလွန်နည်းပါသည်။

**အဓိကအခြင်းအရာများမှာ**

<table>
<tr><td>၁. ဇီဝဗေဒဆိုင်ရာ အခြင်းအရာများ<br>✓ ကျား/မ<br>✓ အသက်<br>✓ ခန္ဓာကိုယ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု<br>✓ ခန္ဓာကိုယ်ပိုင်းဆိုင်ရာအခက်အခဲများ<br>✓ ကျန်းမာရေး<br>✓ လှုပ်ရှားမှုစွမ်းရည် (လှုပ်ရှားမှုအကြီးအသေးတို့ အတွက် စွမ်းရည်)<br>✓ ချိန်ညှိတွဲဖက်မှု<br>✓ သင်ယူမှုအခက်အခဲများ</td><td>၂. ယဉ်ကျေးမှုနှင့်ရပ်ရွာလူထုဆိုင်ရာအခြင်းအရာများ<br>✓ သင်ယူသူ၏စီးပွားရေးအခြေအနေ<br>✓ တိုင်းရင်းသားနှင့် လူမျိုးနောက်ခံအကြောင်း<br>✓ ယဉ်ကျေးမှု ဝိသေသ<br>✓ ဘာသာစကား<br>✓ ကိုးကွယ်သည့်ဘာသာ<br>✓ ဓလေ့ထုံးတမ်းနှင့်တန်ဖိုးထားမှုများ<br>✓ ကျား/မကွဲပြားမှုဆိုင်ရာ မျှော်လင့်ချက်</td></tr>
<tr><td>၃. စိတ်ခံစားချက်နှင့်လူမှုသြဇာများ<br>✓ မိသားစုဖွဲ့စည်းပုံ<br>✓ မိသားစုသမိုင်းကြောင်း<br>✓ မကြာသေးမီမိသားစုအတွင်းပြောင်းလဲမှု (သို့) သေဆုံးမှု<br>✓ စိတ်နေသဘောထား<br>✓ ပုဂ္ဂိုလ်ရည်သွေး<br>✓ အတန်းတွင်းတွင် သင်ယူသူ၏ အဆင့်အတန်းအခြေအနေ<br>✓ မိမိကိုယ်မိမိလေးစားမှု</td><td>၄. ပညာရေးအတွက်အဆင်သင့်ဖြစ်မှု<br>✓ သင်ယူသူ၏တွေးခေါ်မှုစွမ်းရည်အထောက်အထား<br>✓ အာရုံပြု စူးစိုက်နိုင်သည့်ကျွမ်းကျင်မှု<br>✓ အတိတ်တွင် သင်ယူရာ၌အောင်မြင်မှု<br>✓ စာဖတ်စွမ်းရည်<br>✓ အပြောအဆိုဖွံ့ဖြိုးမှု<br>✓ အရေးအသားကျွမ်းကျင်မှု<br>✓ အစဉ်အတိုင်းစီရာတွင်ကျွမ်းကျင်မှု<br>✓ အမျိုးအစားခွဲခြင်းတွင် ကျွမ်းကျင်မှု<br>✓ ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များကို ဖော်ထုတ်ရာတွင် ကျွမ်းကျင်မှု</td></tr>
<tr><td colspan="2">၅. အကောင်းဆုံးသင်ယူနိုင်ပုံ<br>✓ စိတ်ဝင်စားမှု<br>✓ ဉာဏ်ရည်အားကောင်းမှု<br>✓ သင်ယူမှုဟန်များ<br>✓ ထုတ်လုပ်မှုဟန်များ<br>✓ ပတ်ဝန်းကျင်မှသြဇာညောင်းမှုများ</td></tr>
</table>

Powell, W and Kusuma-Powell, O (2011) How to Teach Nowကိုမှီငြမ်းပါသည်။

## လုပ်ဆောင်ချက် ၂.၅ - သင်ယူသူများအကြောင်း အချက်အလက်အမျိုးအစားခွဲခြင်း (၄၀ မိနစ်)

ဤလုပ်ဆောင်ချက်သည် သင်ယူသူများ၏သင်ယူမှုအပေါ် သက်ရောက်မှုရှိသည့် စရိုက်နှင့်အကြောင်းတရားများကို ဖော်ထုတ်ရာတွင် အထောက်အကူပြုပါမည်။ သင်ယူသူများနှင့်သိကျွမ်းအောင်လုပ်စဉ် မေးမြန်းနိုင်သည့် မေးခွန်းများကို မိတ်ဆက်ပေးပါသည်။

အောက်ပါဖြစ်ရပ်လေ့လာချက်နှစ်ခုကိုဖတ်ရှုပြီး စာတွင်ဖော်ပြထားသည့်သူသူနှင့်မင်းကျော်တို့၏ သင်ယူမှုအပေါ် သက်ရောက်နိုင်သည့် အရာများကို အထက်ဖော်ပြပါ **အဓိကအခြင်းအရာများနှင့် ဆက်စပ်**ဖော်ထုတ်ပါ။ သင်ယူမှုဂျာနယ်တွင် ဇယားကို ဖြည့်ပါ။ ဖြစ်နိုင်လျှင် တွေးတော/တွဲဖက်/ဝေမျှပါ။

သူသူသည် အသက် ၁၁ နှစ်ရှိပြီး ရှမ်းပြည်နယ်ရှိ လယ်ယာလုပ်ကိုင်သည့် ကျေးလက်တောရွာတစ်ခုတွင် မိဘများနှင့်အတူ နေထိုင်ပါသည်။ အသက် ၇ နှစ်တွင် မတော်တဆမှုတစ်ခုဖြစ်ပြီး ဘယ်ဖက်နား အနည်းငယ်လေးသွားပါသည်။ အသိများက စကားပြောသည့်အခါ မကြားမိဘဲလွတ်သွားသည်များမရှိစေရန် သူ့ညာဖက်တွင် ထိုင်ပြီး သို့မဟုတ် ရပ်ပြီးပြောကြပါသည်။ ဖခင်ဖြစ်သူမှာလည်း လွန်ခဲ့သည့် ခြောက်နှစ်ကတည်းက အဆင်ရောင်နာကြောင့် သူ၏လယ်ကွက်ငယ်တွင် မလုပ်နိုင်တော့ပါ။ မိခင်သည် အိမ်အလုပ်၊ ယောကျ်ားအားပြုစုခြင်း၊ လယ်အလုပ်နှင့် သူသူ့အား ကြည့်ရှုခြင်းတို့ကို မနိုင်ဝန်ထမ်းနေရပါသည်။ သူသူသည် အိမ်မှုကိစ္စဗာဟီရ၊ ချက်ရေးပြုတ်ရေးနဲ့ လယ်အလုပ်တို့ကို ကူပေးရပါသည်။ သူတို့နေသည့် ရပ်ရွာလေးကလည်း အတော်ပင်ပံ့ပိုးပေးကြသည်။ အသက်ရွယ်ကြီးသူ များကြသော်လည်း အချင်းချင်းကူညီကြပါသည်။ သူသူ၏မိသားစုနှင့် အိမ်နီးနားချင်းအချို့သည် မွတ်ဆလင်ဖြစ်ပါသည်။ ကျောင်းတွင် သူသူကလှုပ်ရှားမှုများကို စိတ်ဝင်စားပြီး စာဖတ် အတော်ကျွမ်းကျင်ပါသည်။ ကျောင်းတက်သည့် တစ်နေ့တာလုံးလိုလိုမောနေသော်လည်း ဖန်တီးရသည့် လုပ်ဆောင်ချက်များကို နှစ်သက်ပါသည်။

မင်းကျော်သည် အသက် ၁၅ နှစ်ရှိပြီး တူ၊ သား မြေးတို့ပါဝင်သည့် သူ၏မိသားစုအတွက် ချက်ပြုတ်ရသည်ကို နှစ်သက်ပါသည်။ ညနေတိုင်းလိုလို ဒေသတွင်း စားသောက်ဆိုင်တစ်ဆိုင်မှာ ကူလုပ်ပြီး တစ်နေ့ကျလျှင် စားဖိုမှူးဖြစ်ချင်ပါသည်။ ကျောင်းတွင် စီမံခန့်ခွဲသူဖြစ်သည့် မိခင်နှင့် အသက် ၅ နှစ်အရွယ် ညီမနှင့် အတူတူနေပါသည်။ သူ့အသက် ၁၁ နှစ်မှာ ဖခင်ဆုံးသွားခဲ့ပါသည်။ ဖခင်က စားဖိုမှူးဖြစ်ပါသည်။ မန္တလေးမြို့လယ် လူသူရှုပ်ထွေးသည့် လမ်းတစ်လမ်းတွင် နေပါသည်။ အိမ်ငှားခပေးရန် စားသောက်ဆိုင်မှ မင်းကျော်ရသည့် လုပ်အားခကို အားကိုးနေရပါသည်။ ကျောင်းတွင် သင်္ချာ၊ သိပ္ပံနှင့်ဆိုင်သည့် မည်သည့် ဘာသာကိုမှ မင်းကျော်မကြိုက်ပါ။ အတန်းထဲတွင် အုပ်စုဖွဲ့လုပ်လျှင် ထိုင်နေပြီး မေးခွန်းမေးလည်း မည်သည့်အခါမျှမဖြေပါ။ ကျောင်းမီးဖိုချောင်ထဲတွင် ထမင်းချက်များ နေ့လည်စာပြင်နေသည်ကို ကြည့်ချင်သဖြင့် မကြာခဏ အတန်းနောက်ကျပါသည်။

| အခြင်းအရာ | သူသူကြည် | မင်းကျော် |
| --- | --- | --- |
| ဇီဝဆိုင်ရာ | အသက် ၁၁-နှစ်<br>နားအနည်းငယ်လေး | |
| ယဉ်ကျေးမှုနှင့်ရပ်ရွာ | | |
| စိတ်ခံစားချက်နှင့်လူမှုရေး | | |
| ပညာရေးအတွက်အဆင်သင့်ဖြစ်မှု | | လုပ်ဆောင်ချက်မှာဝင်မပါ |
| အကောင်းဆုံးသင်ယူနိုင်ပုံ | | အစားအသောက်နှင့်ပတ်သက်သည့်<br>မည်သည့် အကြောင်းမဆို - လက်တွေ့<br>ကျသည့်အရာ |

## လုပ်ဆောင်ချက် ၂.၅ နမူနာအဖြေများ

| အခြင်းအရာ | သူသူကြည် | မင်းကျော် |
|---|---|---|
| ဇီဝဆိုင်ရာ | ဘယ်ဖက်နားအနည်းငယ်ထိုင်း | သွက်လက်သည့်ယောကျ်ားလေး |
| ယဥ်ကျေးမှုနှင့်ရပ်ရွာ | မွတ်ဆလင်<br>လယ်သမားမိသားစု | ဆူညံသည့်လမ်းထဲနေသည် |
| စိတ်ခံစားချက်နှင့်လူမှုရေး | အဖေမလှုပ်ရှားနိုင်ပါ<br>အမြဲ မောပန်းသည် | ဖခင်ဆုံးသည်မှာ ၄ နှစ်ရှိပြီ<br>ညနေပိုင်းအလုပ်လုပ်ရသည် |
| ပညာရေးအတွက်အဆင်သင့်ဖြစ်မှု | ကောင်းကောင်းပါဝင်နိုင်သည်<br>စာဖတ်တော်သည် | လုပ်ဆောင်ချက်တွင်မပါဝင်ပါ |
| အကောင်းဆုံးသင်ယူနိုင်ပုံ | လှုပ်လှုပ်ရှားရှားရှိသည်<br>ဖန်တီးမှုကိုမြတ်နိုးသည် | အစားအသောက်နှင့်ပတ်သက်သည့်<br>မည်သည့်အကြောင်းအရာမဆို၊ လက်တွေ့<br>ကျသည် |

## လုပ်ဆောင်ချက် ၂.၆ - အတန်းများအတွက် အစီအစဉ်ဆွဲရာတွင်သုံးနိုင်သည့် အချက်အလက်အမျိုးအစားများ (၃၀ မိနစ်)

အထက်ပါလုပ်ဆောင်ချက်များအကြောင်းတွေးပါ။ ၁. သင်ယူသူတစ်ယောက်အကြောင်း သင် မည်မျှသိပါသလဲ ၂. သင်ယူသူတစ်ယောက် အကြောင်း မည်မျှသိနိုင်ပါသလဲ ၃. အချက်အလက်များအတွက် အခြင်းအရာ ၅ မျိုးနှင့် **၄. အစောပိုင်းကဖတ်ထားသည့် 'သင်ယူသူများကိုသိရှိခြင်း'။** သင်ယူမှုဂျာနယ်တွင်ရေးပါ။ တတ်နိုင်လျှင် တွေးတော/တွဲဖက်/ဝေမျှပါ။ ဥပမာတစ်ခု ပေးထားပါသည်။

သင်ယူသူများကို ပိုမိုသိရှိနိုင်ရန် မေးနိုင်သည့်မေးခွန်း ၆-၁၀ ခုစာရင်းပြုစုပါ။ သင်ယူမှုတွင် ၎င်းတို့ကြုံရသည့် အတားအဆီးနှင့် မည်ကဲ့သို့အကောင်းဆုံးသင်ယူနိုင်မည်ဖြစ်ကြောင်း စဉ်းစားပါ။

ယဉ်ကျေးမှုနှင့် ရပ်ရွာလူထု

အခြင်း အရာများ

ဇီဝဗေဒဆိုင်ရာ

မေးခွန်းများ

-
-



Source: www.myanmargraphic.com (free use)

မေးခွန်းများ

-
-

ပညာရေးအတွက် အဆင်သင့်ဖြစ်မှု

အကောင်းဆုံး သင်ယူနိုင်ပုံ

စိတ်ခံစားချက်နှင့် လူမှုရေးဆိုင်ရာ

မေးခွန်းများ

- ကလေးတို့ စာဖတ် မည်မျှ ကျွမ်းကျင်ပါသနည်း
- စာဖတ်ရတာ/ကျောင်းတက်ရတာ ပျော်ပါသလား
- အာရုံပြုကာ စူးစိုက်နိုင်သည့် ကျွမ်းကျင်မှု

မေးခွန်းများ

-
-

မေးခွန်းများ

-
-

Implemented by: British Council, The Open University, VSO, montrose

**ဆွေးနွေးချက် ၂.၆ - အတန်းများအတွက် အစီအစဉ်ဆွဲရာတွင် သုံးနိုင်သည့်အချက်အလက်အမျိုးအစားများ**

ဆရာ/မတို့သည် အသက်အရွယ်နှင့် စွမ်းဆောင်ရည် အမျိုးမျိုးရှိသည့် သင်ယူသူများကို သင်ကြားရပါသည်။ တစ်ဦးချင်း အကြောင်း အချက်အလက်ကောက်ယူရန် လွယ်ကူမည်မဟုတ်ပေ။ သင်ယူသူများကို လေ့လာသုံးသပ်ခြင်း၊ တွေ့ဆုံ မေးမြန်းခြင်း၊ စစ်တမ်းကောက်ခြင်း၊ မိသားစုဝင်များနှင့်စကားပြောခြင်း စသည်တို့လုပ်နိုင်ပါသည်။ သင်ယူသူများအကြောင်း အချက်အလက် အများစုကို တိုက်ရိုက်မဟုတ်ဘဲ စုဆောင်းမိခြင်းသာ ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ သင့်မှတ်တမ်းများမှာရှိသည်ထက် သင် ပိုသိနေပေမည်။

ဆရာ/မအသီးသီးအတွက် အနေအထားများလည်း ပြောင်းလဲတတ်သောကြောင့် အောက်ပါဥပမာတွင် သက်ငယ်ကလေးများကို သင်ကြားသည့်အခါ 'ငှင်းတို့ကိုသိကျွမ်းရန်'လုပ်နည်းကို ပြသထားပါသည်။ အတန်းထဲမှ တပည့်များအကြောင်းကို ဖွေရှာနေလျှင် သက်ငယ်ကလေးများ အကောင်းဆုံးသင်ယူပုံကို ဖော်ထုတ်ရာတွင် ပံ့ပိုးပေးရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ ဆရာ/မက ရည်ရွယ်ချက်တစ်ခုတည်းသုံးပြီး ကလေးတို့အကောင်းဆုံးသင်ယူပုံကို သုံးသပ်ရာတွင် နည်းလမ်းအစုံဖုံဖြင့် စူးစမ်းနိုင်ပါသည်။ အလားတူစွာ 'ပညာရေးအတွက်အဆင်သင့်'ဖြစ်စေရန် ကလေးတို့၏ သင်ယူမှုအပေါ်၊ ကျောင်းအပေါ် ထားသည့်သဘောထားကို နားလည်နိုင်ရေးအတွက် စာဖတ်ရသည်၊ ကျောင်းတက်ရသည် ပျော်မပျော် မေးမြန်းနိုင်ပါသည်။ 'ကလေးများကို သိကျွမ်းအောင်' ဆောင်ရွက်ရာတွင် တစ်မူခြားနား ဖန်တီးလုပ်ဆောင်ချဉ်းကပ်မှုဖြင့် အကျိုးဖြစ်ထွန်းနိုင်ပါသည်။

## ၂.၂.၁ သင်ယူမှု အသွင်အပြင်မှတ်တမ်း (learning profile)

ကလေးတို့အကြောင်း မိမိမှစုဆောင်းထားသည့် အချက်အလက်များကို **သင်ယူမှုအသွင်အပြင်မှတ်တမ်း learning profile တစ်ရပ်အဖြစ် ပေါင်းစည်းထား**နိုင်ပါသည်။

သင်ယူမှု ပရိုဖိုင်းဖြင့် 'သင်ယူသူများကို' အသေးစိတ်'သိရှိ'စေနိုင်ပါသည်။ အသုံးဝင်သည့် ပရိုဖိုင်းတွင် ယခင်ဆွေးနွေးခဲ့သည့် သင်ယူသူတစ်ဦး၏ သွင်ပြင် ၅ ရပ်အကြောင်း အချက်အလက်များ ပါရှိပါသည်။ သင်ယူသူများနှင့် ရင်းနှီးလာသည့်အခါ ထို အချက်အလက်များကို ကောက်ယူပြီး အားလုံးအကျုံးဝင်စာသင်ခန်းများကို ဖန်တီးရာတွင် သုံးနိုင်ပါသည်။

သင်ယူသူအရေအတွက်များသည့်အတန်းမှ မှတ်တမ်းများ၊ မှတ်စုများကို လုံခြုံသည့် ဗဟိုဌာနတစ်ခုတွင် တိတိကျကျထားရန် အရေးကြီးပါသည်။ တစ်သီးပုဂ္ဂလ လျှို့ဝှက်အပ်သော၊ သင်ယူသူများ၏ အခြေအနေအရပ်ရပ်ပြောင်းလဲမှုကို စောင့်ကြည့် လေ့လာရာတွင် မှန်မှန်ပြန်လှန်သုံးသပ် ပြုပြင်အပ်သော မှတ်တမ်းမှတ်ရာများဖြစ်ပါသည်။ သင်ယူသူများ ဆရာ/မအသစ်ရသည့် အခါ မိမိမှအချက်အလက်များ လွှဲပြောင်းပေးရသည့်အခါ အသုံးဝင်သည့် နည်းလမ်းဖြစ်ပါသည်။ ဆရာ/မအသစ်အတွက် အမည်များ၊ အမှတ်စာရင်းများ ကြည့်ရုံမဟုတ်ပဲ အထောက်အကူပြုသည့် အချက်အလက်များ ပေးမည်ဖြစ်ပါသည်။

ဇယား ၁ - အတန်းတစ်ခုအတွက် သင်ယူမှုပရိုဖိုင်း **ပုံစံဇယား** နမူနာ (အတန်းအရွယ်အစားအလိုက် အမည်ထပ်ထည့်ရန်)

| အမည် | ဇီဝဆိုင်ရာ | ယဥ်ကျေးမှု/ ဆက်ဆံရေး | ခံစားချက်/လူမှု | ပညာရေးအတွက် အသင့်ဖြစ်မှု | အကောင်းဆုံး သင်ယူမှု |
|---|---|---|---|---|---|
| သူသူကြည် | | | | | |
| မင်းကျော် | | | | | |
| စုမွန်နှင်း | | | | | |
| အောင်မင်းသူ | | | | | |
| ယေလီလင်း | | | | | |

**လုပ်ဆောင်ချက် ၂.၇ သင်ယူမှုပရိုဖိုင်းရေးသားခြင်း (၄၀ မိနစ်)**

ဤလုပ်ဆောင်ချက်သည် သင်ယူမှုပရိုဖိုင်းပြုစုပုံ နမူနာပေးပါမည်။

မိမိစိတ်မှတ်မှ (သို့) မိမိသင်ကြားသည့်အတန်းတစ်တန်းမှသော်လည်းကောင်း ဖြစ်နိုင်ပါသည်။

၁. အတန်း**တစ်တန်း**တွင် မိမိ သင်နေသူ (သို့) သင်ဖူးသူ တပည့် ၅ ယောက်ကိုရွေးပါ။
၂. ခြားနားမှုများရှိကြပါစေ။ တစ်ဦးက သချာတော်သော်လည်း နောက်တစ်ဦးက မတော်ပါ။
၃. လုပ်ဆောင်ချက် ၂.၇ တွင် မိမိတွေးထားသည့် မေးခွန်းများအတွက် **တပည့်တစ်ဦးချင်းအတွက် နမူနာအဖြေများရေးသား**ပါ။
ဥပမာတစ်ခုပေးထားပါသည်။

| အမည် | ဇီဝဆိုင်ရာ | ယဉ်ကျေးမှု/ ဆက်ဆံရေး | ခံစားချက်/လူမှု | ပညာရေးအတွက် အသင့် | အကောင်းဆုံး လေ့လာမှု |
|---|---|---|---|---|---|
| ၁. သူသူကြည် | နားအနည်းငယ် မကြား | မွတ်ဆလင် လယ်သမားမိသားစု | အဖေအလုပ် မလုပ်နိုင် အမြဲတမ်းမောပန်း | စိတ်ပါဝင်စားသည် စာအဖတ်တော်သည် | သွက်လက်သည် ဖန်တီးရတာ ကြိုက်သည် |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |

သင်ယူမှုဂျာနယ်မှာရေးပြီး တွေးတော၊ တွဲဖက်၊ ဝေမျှပါ။
ဤသင်ယူမှုပရိုဖိုင်းများကို သင်ရိုးပိုင်းနောက်ပိုင်းတွင်အသုံးပြုပါမည်။

## အားလုံးအကျုံးဝင်သင်ယူမှုအတွက်စီစဉ်ရန် သင်ယူသူများ၏ အချက်အလက်များကို သုံးခြင်း

သင်ယူသူတစ်ဦးစီအကြောင်းအချက်အလက်စုဆောင်းရန် အလွန်အရေးကြီးပါသည်။ **ကောက်ထားသည့် အချက်အလက်ကို ဘာလုပ်မည်ဟူသည်မှာလည်းအလားတူအရေးကြီးပါသည်**။ သင်ကြားသင်ယူရေးအတွက် တွေးတောစီစဉ်ရာတွင်လည်းကောင်း၊ သင်ယူသူ**အားလုံး** မိမိတို့လိုအပ်ချက်နှင့် ကိုက်ညီသည့်သင်ယူမှုကိုရရှိပြီး ပန်းတိုင်ကိုလှမ်းကိုင်စေနိုင်ရန် အသင့်တော်ဆုံး အရင်းအမြစ်ကို ရွေးချယ်ရာတွင်လည်းကောင်း အသုံးပြုဖို့ လိုအပ်ပါသည်။

အောက်ပါဥပမာသည် သင်ယူသူတစ်ဦး၏အကြောင်း အချက်အလက်များကို အားလုံးအကျုံးဝင်သင်ယူမှုအခွင့်အလမ်းများ တွေးတောစီစဉ်ရာတွင် ဆရာ/မက မည်သို့အသုံးပြုနိုင်ပုံကို ပြသပါသည်။

**သူသူကြည်** - သင်ကြားသင်ယူရေး ထည့်တွေးစရာများ

| အခြင်းအရာ | တစ်ဦးချင်းစရိုက်လက္ခဏာများ | **ဖြစ်နိုင်သည့်** သင်ကြားသင်ယူရေးထည့်တွေးစရာများ |
|---|---|---|
| ဇီဝဆိုင်ရာ | • ဘယ်ဖက်နား<br>အနည်းငယ်လေး | - ဆရာ/မအနီးရပ်စေခြင်း (သို့) ညွှန်ကြားချက်ပေးစဉ် ဆရာ/မက သူ့အနီးရပ်ခြင်း<br>- အတန်းဖော်များ သူ့ညာဘက်တွင် ထိုင်ပြီးလုပ်ကြပါစေ |
| ယဉ်ကျေးမှုနှင့် ရပ်ရွာ | • မွတ်ဆလင်<br>• လယ်သမားမိသားစု | - ဝတ်ပြုချိန်သည် တစ်နေ့တာအတွက် မည်သို့သက်ရောက်မှု ရှိနိုင်ကြောင်း စဉ်းစားပါ<br>- ဝတ်ပြုမည့်နေရာတစ်ခု စဉ်းစားပါ<br>- ကျောင်းစားသောက်ဆိုင်တန်းတွင် ရွေးစရာအစားအသောက် စစ်ဆေးပါ<br>- ဥပုသ်လတွင် သင်ယူမှုကိုမည်သို့ သက်ရောက်နိုင်ကြောင်း စဉ်းစားပါ<br>- မွတ်ဆလင်ဘာသာအကြောင်း အရင်းအမြစ်ထဲထည့်သုံးပါ<br>- လယ်ထဲကူစရာရှိသောကြောင့် အတန်းမတက်နိုင်ပါ<br>- သင်ခန်းစာအမှီလိုက်ရန် အရင်းအမြစ်များလိုအပ်သည် |
| စိတ်ခံစားချက်နှင့် လူမှုရေး | • အဖေအလုပ် မလုပ်နိုင်<br>• အမြဲတမ်းမောပန်း | - အိမ်မှာ သူအလုပ်ကြိုးစားလုပ်နေလိမ့်မည်<br>- မိဘများနှင့် ဤအကြောင်းကိုဆွေးနွေးပါ |
| ပညာရေးအတွက် အဆင်သင့်ဖြစ်မှု | • စိတ်ပါဝင်စားသည်<br>• စာအဖတ်တော်သည် | - အဖွဲ့များ/လုပ်ဆောင်ချက်များကိုဦးဆောင်ရန် တွန်းပေးပါ<br>- စာဖတ်ရာတွင် ဆက်လက်လုပ်ဆောင်စရာထည့်ပေးပါ<br>- အခြားကျောင်းသူ/သားများကို ပံ့ပိုးပါစေ |
| အကောင်းဆုံး သင်ယူခြင်း | • သွက်လက်သည်<br>• ဖန်တီးရတာ ကြိုက်သည် | - လက်တွေ့ပါသည့် လုပ်ဆောင်ချက်မျိုးစုံ<br>- တီထွင်ကြံဆဖြေဆိုနိုင်ရန် လုပ်ဆောင်ချက်ကိုပြုပြင်ပါ |

'ဖြစ်နိုင်သည့်သင်ကြားသင်ယူရေးထည့်တွေးစရာများ'တွင် ဥပမာများ တိုတောင်းပါသည်။ 'သင်ယူသူတစ်ဦးချင်း စရိုက်လက္ခဏာများ'သည် မိမိအတန်းတွင်း သင်ယူမှုအပေါ် မည်သို့သက်ရောက်နိုင်ကြောင်း သတိပြုမိရန်အရေးကြီးပါသည်။ ကျောင်းသူ/သားများ အတန်းတွင်း ပြည့်ပြည့်ဝဝအကျိုးဝင်ကြပြီဆိုလျှင် ယုံကြည်ချက်ခိုင်ခိုင်မာမာဖြင့် ပါဝင်လုပ်ဆောင် အောင်မြင်ကြမည်ဖြစ်ပါသည်။

သင်ယူသူတိုင်းအတွက် ဤမျှအသေးစိတ်လုပ်ဆောင်ရာတွင် ရှိနိုင်သည့်အခက်အခဲများကိုလည်း မှတ်သားရန် အရေးကြီးပါသည်။ ဤမျှများပြားလှသည့်အချက်အလက်များကို ထိန်းသိမ်းရန်လည်း ခက်ခဲပါလိမ့်မည်။ ကာယပိုင်းအခက်အခဲ/မသန်စွမ်းမှု၊ သင်ယူမှုအခက်အခဲ၊ တစ်ဦးချင်း၏ကြိုက်မှု/စိတ်ဝင်စားမှုစသည်ဖြင့် သင်ယူသူများအကြောင်း အချို့အချက်အလက်များသည် မရှိမဖြစ်ရေးကြီးပါသည်။ ယေဘုယျစီစဉ်ပေးနိုင်မည့် သင်ယူသူများအကြား တူညီသည့်လိုအပ်ချက်များကိုလည်း သင် မြန်မြန်ဆန်ဆန် ဖော်ထုတ်နိုင်ပါမည်။ ဆိုလိုသည်မှာ 'လက်တွေ့လုပ်ရမှုဖြစ်မည့်' သင်ယူသူများ၊ ချီးကျူးမှုပိုမိုလိုအပ်သည့် သင်ယူသူများ၊ သင်ပုန်းနားထိုင်ရမည့် သင်ယူသူများ စသည်တို့ဖြစ်သည်။ ဤသို့အားဖြင့် အတန်းတွင် လိုအပ်ချက်အားလုံး ဖြည့်ဆည်းရာတွင် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှု လျော့ကျသွားပါမည်။

လုပ်ဆောင်ချက် ၂.၈ သင်ကြားသင်ယူရေး ထည့်တွေးစရာများအသုံးချခြင်း (၃၀ မိနစ်)

သင်ကြားသင်ယူရေး လုပ်ဆောင်ချက်များ/အရင်းအမြစ်များအကြောင်းတွေးပြီး ပြုပြင်ပြောင်းလဲရာတွင် သင်ယူသူပရိုဖိုင်းကို မည်ကဲ့သို့ သုံးနိုင်ကြောင်း ဤလုပ်ဆောင်ချက်မှ စတင်စူးစမ်းခြင်းဖြစ်ပါသည်။

၁. လုပ်ဆောင်ချက် ၂.၈ မှ **သင်ယူသူနှစ်ယောက်**ရွေးချယ်ပါ (**ပရိုဖိုင်းမတူ**သည့် သင်ယူသူများကိုသုံးပါ)။

၂. အထက်ပါ သူသူဥပမာကိုသုံးပြီး သင့်တပည့်နှစ်ဦးအတွက် အတန်းတွင်း လိုအပ်ချက်များကို မည်သို့ပံ့ပိုး ဖြည့်ဆည်းနိုင်ကြောင်းဖော်ထုတ်ပါ။

သင်ယူမှုဂျာနယ်တွင်ရေးပြီး ဖြစ်နိုင်လျှင် တွေးတော၊ တွဲဖက်၊ ဝေမျှပါ။

**ဆွေးနွေးချက် - သင်ယူသူများကို သိရှိခြင်း**

- ကလေးတို့အကြောင်းသိလျှင် အတန်းတွင်း ကလေးတို့တက်ရောက်မှုကို တန်ဖိုးထားကြောင်းပေါ်လွင်စေပါသည်။
- ကလေးတို့စိတ်ပါဝင်စားမှု၊ အားသန်မှုနှင့် အခက်အခဲများကိုသိလျှင် အားလုံးအောင်မြင်စေရန် တစ်ဦးချင်းနှင့် ကိုက်ညီသော သင်ယူမှုလုပ်ဆောင်ချက်များကို ထိထိရောက်ရောက် စီစဉ်နိုင်ပါမည်။
- ကလေးတို့အတွက် ထိရောက်သောသင်ယူမှုလုပ်ဆောင်ချက်များ စီစဉ်ရာတွင် မိမိဗဟုသုတကို သုံးခြင်းဖြင့် ကလေးတို့ ပါဝင်မှု၊ ၎င်းတို့၏အောင်မြင်မှုကို တန်ဖိုးထားကြောင်း ပေါ်လွင်စေပါသည်။
- ကလေးတို့အကြောင်းအချက်အလက်များကို လျှို့ဝှက်ထားပြီး ကလေးတို့ကိုကူညီသည့်အခါမှသာ အခြားဆရာ/မတို့နှင့် ဝေမျှပါမည်။

## ၃. သင်ယူမှုအရင်းအမြစ်တို့သည် အားလုံးအကျုံးဝင်ပါသလား

သင်ယူမှုအရင်းအမြစ်များသည် အားလုံးအကျုံးဝင်မှုအလေ့အကျင့်ကို ထင်ဟပ်ကာ အားပေးရန်လိုအပ်ပါသည်။ ဆရာ/မတို့သည် သင်ယူသူများ၏ လိုအပ်ချက်ကို ပိုမိုနားလည်လာသည်နှင့် သင်ယူမှုကိုပံ့ပိုးရန် အသင့်တော်ဆုံး အရင်းအမြစ်များကို ဂရုတစိုက် ရွေးချယ်နိုင်ပါမည်။ အရင်းအမြစ်ကြောင့် ခွဲခြားဆက်ဆံခြင်း၊ ပုံသေကားကျ ပုံစံများကို (ဥပမာ အမျိုးသားဆရာပုံများကိုသာပြသခြင်း) အားကောင်းစေခြင်းတို့ မဖြစ်စေရန် အရင်းအမြစ်အားလုံးသည် အားလုံးအကျုံးဝင်မဝင် စစ်ဆေးရပါမည်။ တတ်နိုင်သမျှ ကမ္ဘာကြီး၊ နိုင်ငံ၊ ကျောင်း၊ စာသင်တန်းနှင့် ကလေးတို့၏မတူကွဲပြားမှုကို အရင်းအမြစ်မှ ထင်ဟပ်ရန် လိုအပ်ပါသည်။

### ၃.၁ သင်ယူမှုအရင်းအမြစ်ဟူသည်အဘယ်နည်း

သင်ယူမှုအရင်းအမြစ်သည် လူအမျိုးမျိုးအတွက် အဓိပ္ပါယ်အသီးသီး ဆောင်နိုင်ပါသည်။ အရင်းအမြစ်ဆိုသည်မှာ အတွေးအမြင်၊ သင်ကြားရေး၊ အကြောင်းအရာသရုပ်ဖော်မှုအတွက် သုံးသည့် မည်သည့်ပစ္စည်းမဆို (ရေးထားသောစာ၊ ရုပ်/သံ၊ ကိုယ်ကာယလုပ်ဆောင်ချက်၊ အရာဝတ္ထု၊ ကစားစရာ၊ ကိရိယာ၊ စက်ကိရိယာ၊ အပလီကေးရှင်း၊ အတန်းတွင်းအခင်းအကျင်း၊ ပြသမှုများစသဖြင့်) သို့မဟုတ် သင်ယူသူများသုံးရန် (သို့) ကြည့်ရန် ရနိုင်သည့်အရာများ မည်သည့်ပစ္စည်းမဆို ဖြစ်ပါသည်။ သုံးလိုက်သည့် ဝေါဟာရအဓိပ္ပါယ်ကို ဖော်ထုတ်ရန် အရေးကြီးပါသည်။ အောက်ပါဇယားတွင် (အောက်တွင်ဖော်ပြထားသည့်) လုပ်ဆောင်ချက် ၂.၁၀ မှ အရင်းအမြစ်တစ်ခုချင်း၏ သရုပ်ဖော်ချက်များ ပါရှိပါသည်။ မှတ်ချက် ပေးထားသည့်နမူနာများအပြင် အခြားဥပမာများစွာ ရှိပါသေးသည်။

| သင်ယူမှုအရင်းအမြစ် အမျိုးအစား | အရင်းအမြစ်သရုပ်ဖော်ချက် |
|---|---|
| ရေးထားသောစာ.............................. | လက်ကမ်းစာရွက်၊ စာအုပ်၊ ဂျာနယ်ဆောင်းပါး၊ မဂ္ဂဇင်း |
| အသံ................................ | အသံသွင်းဇာတ်လမ်း၊ ဗီဒီယိုအသံ၊ နားထောင်မှုစစ်ဆေးသည့်လုပ်ဆောင်ချက် |
| ရုပ်................................ | ဗီဒီယို၊ အနုပညာ၊ မဂ္ဂဇင်း၊ အရုပ်ပါသည့် စာအုပ် စသည် |
| ကာယလုပ်ဆောင်ချက်.............. | ကစားနည်းများ၊ ကစားချိန်၊ ကိုယ်ထိလက်ရောက်လုပ်ဆောင်ချက် |
| အရာဝတ္ထု.............................. | ပစ္စည်းကိရိယာတစ်စုံတစ်ရာ၊ ခဲတံ၊ စာအုပ်၊ ပန်း၊ ဘောလုံး |
| ကစားစရာ.................................... | ဒိုင်နိုဆောကစားစရာအရုပ်၊ အမွေးပွယုန်၊ ပလပ်စတစ်အံစာတုံး |
| ကိရိယာ .................................. | ကွန်ပျူတာ၊ ဒေတာပရိုဂျက်တာ၊ ဂေါ်ပြားငယ်၊ စာရွက်ချုပ်စက် |
| စက်ကိရိယာ .............................. | အင်ဒရွိုက်ဖုန်း/တက်ဘလက်၊ အိုင်ပက် |
| အက်ပ်.................................. | Moodle, Facebook |
| အတန်းအခင်းအကျင်း........... | စာဖတ်ရန်အခန်းထောင့်၊ အလှမွေးတိရစ္ဆာန်ထောင့်၊ ကွန်ပျူတာနေရာ၊ အပန်းဖြေနေရာ |
| ပြသမှု.............................. | နံရံပေါ်ခင်းကျင်းပြသမှု - သင်ယူသူများ၏လက်ရာ၊ ကြေငြာချက်၊ အက္ခရာ၊ ကိန်းဂဏန်း |

လုပ်ဆောင်ချက် ၂.၉ - သင်ယူမှုအရင်းအမြစ် ဖော်ထုတ်ခြင်း (၁၀ မိနစ်)

မိမိစာသင်ခန်းအကြောင်းတွေးပါ။ အောက်ပါ သင်ယူမှုအရင်းအမြစ်အမျိုးအစားများကို ပြန်လှန်သုံးသပ်ပါ။ သင်ယူမှုဂျာနယ်တွင်ရေးပါ။

ကော်လံ ၁ (သင်အတန်းတွင်း**လက်ရှိ**သုံးသည့်အရာများ)တွင် မိမိလက်ရှိသုံးသည့်အရင်းအမြစ်နံဘေးတွင် အမှန်ခြစ်(✓)ပါ။

ကော်လံ ၂ (နောင်အခါစူးစမ်းလိုသည့်အရင်းအမြစ်များ)တွင် မိမိဆက်လက်စူးစမ်းလိုသော အရင်းအမြစ်နံဘေး အမှန်ခြစ်(✓)ပါ။

| **သင်ယူမှုအရင်းအမြစ် အမျိုးအစား** | လက်ရှိသုံးနေသည် | နောင်အခါစူးစမ်းပါမည် |
|---|---|---|
| ရေးထားသောစာ.............................. | ✓ | |
| အသံ................................ | | |
| ရုပ်................................ | | |
| ကာယလုပ်ဆောင်ချက်.............. | | |
| အရာဝတ္ထု.............................. | | |
| ကစားစရာ.................................... | | |
| ကိရိယာ .................................. | | |
| စက်ကိရိယာ .............................. | | |
| အက်ပ်.................................. | | |
| အတန်းအခင်းအကျင်း........... | | |
| ပြသမှု.............................. | | |

Implemented by: BRITISH COUNCIL The Open University VSO montrose

## ၃.၂ သင်ယူမှုအရင်းအမြစ်သည် အားလုံးအကျုံးဝင်ပါသလား

အရင်းအမြစ်တို့သည် အားလုံးအကျုံးဝင်ကာ ကျောင်းသူ/သား**အားလုံး**၏သင်ယူမှုနှင့်သာစေမာစေရေးကို အထောက်အကူပြုရန် အရေးကြီးပါသည်။ အရင်းအမြစ်သည် အားလုံးအကျုံးဝင်ခြင်း ရှိမရှိ ယခင်ဖော်ပြခဲ့သည့် ဇီဝဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ရပ်ရွာ၊ စိတ်ခံစားချက်နှင့်လူမှုရေး၊ ပညာရေးအတွက် အဆင်သင့်ဖြစ်မှုနှင့် အကောင်းဆုံးသင်ယူနိုင်ပုံဟူသည့် အခြင်းအရာ ၅ ခုနှင့် ချိတ်ဆက်ထားသော ရိုးရိုးရှင်းရှင်း တိုက်ဆိုင်စစ်ဆေးစာရင်း (checklist)ကိုအောက်တွင်ကြည့်ပါ။ အရင်းအမြစ်သည် အားလုံးအကျုံးဝင်မဝင် ဤမေးခွန်းများ အသုံးပြုစစ်ဆေးပါ။

| **၁. ဇီဝဆိုင်ရာအခြင်းအရာ** | | **✓ / X** |
|---|---|---|
| က. | အရင်းအမြစ်သည် ကျား/မမဟူ ညီတူညီမျှအရေးကြီးပြီး တန်ဖိုးထားကြောင်းပြသပါသလား။ | |
| ခ. | မိမိသင်ကြားသည့် အသက်အုပ်စုနှင့် သင့်တော်ပါသလား။ | |
| ဂ. | ကျန်းမာရေးအနေအထားအမျိုးမျိုး၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ကိုယ်ကာယစွမ်းဆောင်မှု၊ လှုပ်ရှားမှု၊ သင်ယူမှုတွင်ကွဲပြားမှုရှိသည့် လူအများသည် ညီတူညီမျှအရေးကြီးကြောင်း ပြသပါသလား။ | |
| ဃ. | မတူကွဲပြားသည့် ကျောင်းသူ/သားများ လွယ်လင့်တကူ သုံးနိုင်ပါမည်လား။ | |
| **၂. ယဉ်ကျေးမှုနှင့်ရပ်ရွာအခြင်းအရာ** | | |
| က. | အရင်းအမြစ်ရှိ ဘာသာစကားကို တပည့်(များ)နားလည်နိုင်ပါမည်လား။ တပည့်(များ)၏ မိခင်ဘာသာစကားလား။ မဟုတ်လျှင် သင် ဘာသာပြန်ပေးနိုင်မည်လား။ | |
| ခ. | အရင်းအမြစ်သည် အသက်အရွယ်၊ လူမျိုး၊ ဘာသာနှင့် လူမှုအဆင့်အတန်း အမျိုးမျိုးရှိသူများကို ညီတူညီမျှ အရေးကြီးပြီး တန်ဖိုးထားကြောင်းပြသပါသလား။ | |
| ဂ. | အရင်းအမြစ်သည် တပည့်များ၏ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးထားမှုများ၊ သူတို့၏ရပ်ရွာနှင့် ကိုက်ညီပါသလား။ | |
| **၃. စိတ်ခံစားချက်နှင့်လူမှုရေးအခြင်းအရာ** | | |
| က. | အရင်းအမြစ်သည် မိသားစု၊ ရပ်ရွာအမျိုးမျိုးကို တလေးတစား ကိုယ်စားပြုတင်ပြထားပါသလား။ | |
| ခ. | ကျောင်းသူ/သားအချို့၏ အတွေ့အကြုံကြောင့် အရင်းအမြစ်သည် စိတ်အနှောင့်အယှက် ဖြစ်စေပါမည်လား။ ၎င်းတို့၏ စိတ်ခံစားချက်၊ တုံ့ပြန်မှုတို့ကို သင် ပံ့ပိုးရန်အဆင်သင့်ဖြစ်ပါပြီလား။ | |
| ဂ. | အရင်းအမြစ်တွင် ပါရှိသည့် အကြောင်းအရာ၊ လူများ၊ အတွေးအမြင်နှင့် တန်ဖိုးထားမှုများသည် သင့်တပည့်များကို ကျောင်းအသိုင်းအဝိုင်းတွင် မိမိတို့လည်းပါကြောင်း ခံစားရစေပါသလား။ | |
| **၄. သင့်တပည့်များ၏ ပညာရေးအတွက်အဆင်သင့်ဖြစ်သည့်အသက်အရွယ်နှင့် သင်ယူရာတွင်ကွဲပြားမှုများ** | | |
| က. | အရင်းအမြစ်တွင် ကျောင်းသူ/သားများ အာရုံစိုက်နိုင်မည်လား။ | |
| ခ. | စာဖတ်ရတာလွယ်ပါသလား။ ဖတ်ရလွယ်ရန် အချက်အလက်များကို စာမျက်နှာပေါ် ကောင်းကောင်း စုစည်းတင်ဆက်ထားပါသလား။ | |
| ဂ. | အဓိကအချက်များကိုလွယ်လင့်တကူဖော်ထုတ်ပြီးနားလည်နိုင်ပါသလား။ | |
| **၅. ကျောင်းသူ/သားများ အကောင်းဆုံးသင်ယူကြပုံ** | | |
| က. | သင့်တပည့်များအတွက် အရင်းအမြစ်က စိတ်ပါဝင်စားဖွယ်ကောင်းပါသလား။ | |
| ခ. | ထိထိရောက်ရောက်သုံးပုံကို သိကြပါသလား။ | |

| | | |
|---|---|---|
| ဂ. | အာရုံအမျိုးမျိုးဖြင့်လုပ်ဆောင်ချက်များဖြင့် ပံ့ပိုးထား/ပံ့ပိုးပေးနိုင်ပါသလား။ | |
| ဃ. | ကျောင်းသူ/သားများ၏အားသာချက်၊ ယခင်တတ်မြောက်ထားသည့် အသိပညာနှင့်ကျွမ်းကျင်မှုများအပေါ် ထပ်ပိုးတည်ဆောက်ထားပါသလား။ | |
| င. | အရင်းအမြစ်သည် စိန်ခေါ်ခြင်း၊ စိတ်ပါအောင်နိုးဆော်ခြင်း၊ စိတ်ဓာတ်တက်ကြွစေခြင်းတို့ ရှိပါသလား။ ပိုမိုမြင့်မားသော အတွေးအခေါ်၊ ဖော်ထုတ်ပြသချက်နှင့် ဖန်တီးမှုတို့ကို နှိုးဆွပေးပါသလား။ | |

တိုက်ဆိုင်စစ်ဆေးစာရင်းသုံးပြီး အရင်းအမြစ်မှ အားလုံးအကျုံးဝင်မဝင်စစ်ဆေးသည့်ဥပမာတစ်ခု

အရင်းအမြစ် - အတန်းတွင်းသုံးသည့် မိသားစုပိုစတာပုံ

Covid19ကာလတွင် ဘေးကင်းအောင်နေနည်းအကြောင်း ရန်ကုန်ရှိ အခြေခံပညာရေးအတန်းတစ်တန်းတွင် သုံးခဲ့သည့်ပုံဖြစ်ပါသည်။ ဆရာ/မက သူ၏ပုံရွေးချယ်မှုကို အလွန်သဘောကျနေပါသည် (သင်သဘောတူပါသလား)။ အားလုံးအကျုံးဝင်မဝင် စစ်ဆေးရာတွင် တိုက်ဆိုင်စစ်စာရင်းအပိုင်း (၁) ကို နမူနာအဖြစ်သုံးထားပါသည်။ ဆရာ/မ မှတ်ချက်ကို အပြာရောင်ဖြင့် ပေးထားသည်။




Source: www.myanmargraphic.com (free use)

| **၁. ဇီဝဆိုင်ရာအခြင်းအရာ** | **✓ / X** |
|---|---|
| အရင်းအမြစ်မှ ကျား/မမဟူ ညီတူညီမျှအရေးကြီးပြီး တန်ဖိုးထားကြောင်းပြသပါသလား။ ကျား၊ မ၊ ကြီးသူ၊ ငယ်သူတို့ ရောနှောပါရှိသည်။ | ✓ |
| မိမိသင်ကြားသည့် အသက်အုပ်စုနှင့်သင့်တော်ပါသလား။ ဟုတ်ကဲ့ - ရိုးရိုးရှင်းရှင်းနှင့် သုံးရလွယ်သည်။ | ✓ |
| ကျန်းမာရေးအနေအထားအမျိုးမျိုး၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ကိုယ်ကာယစွမ်းဆောင်မှု၊ လှုပ်ရှားမှု၊ သင်ယူရာတွင်ကွဲပြားမှုရှိသည့် လူအများသည် ညီတူညီမျှအရေးကြီးကြောင်း ပြသပါသလား။ မဟုတ်ပါ– ကွဲပြားမှုမရှိသည့် 'သာမန်'မိသားစုကို ပြထားပါသည်။ | X |
| မတူကွဲပြားသည့် ကျောင်းသူ/သားများ လွယ်လင့်တကူ သုံးနိုင်ပါမည်လား။ အမြင်အာရုံချို့တဲ့သည့်သင်ယူသူများ အလွယ်တကူ သုံးနိုင်မည်မဟုတ်ပါ။ ပုံကြီးချဲ့လျှင် သုံးနိုင်ပါမည်။ | X |

အမှန်ခြစ်နှစ်ခု၊ ကြက်ခြေခတ်နှစ်ခုရှိသော်လည်း အရင်းအမြစ်သည် အားလုံးအကျုံးဝင်သည်ဟု ဆိုနိုင်ပါသေးသည်။ မိမိတပည့်များ လိုအပ်ချက်အပေါ်မူတည်ပါမည် (သင်ယူမှု ပရိုဖိုင်းအသေးစိတ်အချက်များကိုသုံးပြီးသိလာနိုင်သည်)။ အခြားသင်ခန်းစာ၊ အခြားအခြေအနေများတွင် အခြားမိသားစုပုံများသုံးလိုက သုံးနိုင်ပါသည်။ ပုံတွင်ပြထားသည့်သူများနှင့် ကလေးတို့က တူညီကြောင်း သဘောထားပါမှ ပညာရေးအခင်းအကျင်းသည် မိမိတို့နှင့်လည်းသက်ဆိုင်ကြောင်း ခံစားရပါမည်။ မိမိသင်ကြားသည့် ကျောင်းသူ/သားများအတွက် အရင်းအမြစ် ရွေးချယ်ရာတွင် ဤအချက်ကို ထည့်စဉ်းစားပါ။

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၂.၁၀ - အရင်းအမြစ်များ သင်ယူသူအားလုံးအတွက် အကျုံးဝင်မဝင်စစ်ဆေးအကဲဖြတ်ခြင်း (၃၀ မိနစ်)

၁. မိမိသင်ကြားရေးတွင်သုံးသည့် **အရင်းအမြစ်သုံးမျိုးကို** ဖော်ထုတ်ပါ။

အရင်းအမြစ် ၁ =

အရင်းအမြစ် ၂ =

အရင်းအမြစ် ၃

၂. အထက်ပါအရင်းအမြစ်သုံးခုအနက် ပြန်လှန်သုံးသပ်ရန် **တစ်ခုရွေးပါ**။

မိမိရွေးချယ်သည့်
အရင်းအမြစ်

၃. အခြင်းအရာ**တိုက်ဆိုင်စစ်ဆေးစာရင်းအပြည့်အစုံ** ၁-၅ ကို ✓ သို့ **X** သုံးပြီးဖြည့်ပါ။ **အဘယ့်ကြောင့်** အားလုံးအကျုံးဝင်မဝင် တစ်ချက်ချင်း **မှတ်စုအတိုရေး**ပါ (အထက်ပါဥပမာကိုကြည့်)။

**နမူနာ** မှတ်ချက်အတိုနှင့်သုံးသပ်ချက် (**အပြာရောင်**) သို့မဟုတ် ✓ နှင့် **X**

| **၁. ဇီဝဆိုင်ရာအခြင်းအရာ** | **✓ / X** |
|---|---|
| အရင်းအမြစ်မှ ကျား/မမဟူ ညီတူညီမျှအရေးကြီးပြီး တန်ဖိုးထားကြောင်းပြသပါသလား။ ကျား၊ မ၊ ကြီးသူ၊ ငယ်သူတို့ ရောနှောပါရှိသည်။ | ✓ |

၄. **ဝါကျနှစ်ကြောင်း သုံးကြောင်းဖြင့်** အရင်းအမြစ်သင့်တော်ပုံအကြောင်း ဖော်ပြချက်တစ်ခုရေးပါ။ သင်ယူမှုဂျာနယ်တွင်ရေးပြီး တတ်နိုင်လျှင် တွေးတော၊ တွဲဖက်၊ ဝေမျှပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

ဆွေးနွေးချက် - အားလုံးအကျုံးဝင်အရင်းအမြစ်များ

- အားလုံးအကျုံးဝင်အရင်းအမြစ်များသည် လူချင်းမတူသော်လည်း အရေးပါမှုနှင့် အခွင့်အလမ်းတို့ အတူတူပင်ဖြစ်ကြောင်း ပြသသည်။
- အားလုံးအကျုံးဝင်အရင်းအမြစ်များသုံးခြင်းဖြင့် သင်သည် တပည့်များအကြားရှိ ကွဲပြားမှုများကို သိရှိလေးစားပြီး ၎င်းတို့ တက်ရောက်မှုကိုလည်း တန်ဖိုးထားကြောင်း ပြသပါသည်။

## ၃.၃ အားလုံးအကျုံးဝင်အရင်းအမြစ်များ ထိထိရောက်ရောက်သုံးခြင်း

သင်ကြားသင်ယူရေးတွင်သုံးသည့် အရင်းအမြစ်အမျိုးမျိုးနှင့် ထိုအရင်းအမြစ်တို့ အားလုံးအကျုံးဝင်ရန် လိုအပ်ကြောင်း မိတ်ဆက်ပေးခဲ့ပြီ။ မိမိတို့ကိုယ်၌က အရင်းအမြစ်ကို အားလုံးအကျုံးဝင်စေရန် ထိထိရောက်ရောက်သုံးမသုံး စဉ်းစားရပါမည်။ ဖြစ်နိုင်သော အောက်ပါအခြေအနေများကိုစဉ်းစားပါ။

လုပ်ဆောင်ချက် ၂.၁၁ သင်ကြားသင်ယူမှုအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးပြုခြင်း (၃၀ မိနစ်)

အောက်ပါလုပ်ဆောင်ချက်သည် အားလုံးအကျုံးဝင်မှုကိုပံ့ပိုးရန် အရင်းအမြစ်ကို **ထိထိရောက်ရောက်သုံးမသုံး** စတင်စူးစမ်းပါမည်။

၁. အဆိုများကိုဖတ်ရှုပြီး **အားလုံးအကျုံးဝင်မှုကို** ပံ့ပိုးရန် အရင်းအမြစ်ကို ထိထိရောက်ရောက်သုံးမသုံးပြောပါ။

၂. မိမိအဖြေကို **ရှင်းပြ**ပါ။

| |
|---|
| အသက် ၅-၈ နှစ်ကြား ကလေး ၅၀ ရှိသည့်အတန်းအတွက်သုံးသည့် စာလုံးအသံထွက်ပြပိုစတာဖြစ်ပါသည်။ ပိုစတာသက် ၃ နှစ်ရှိပြီး အရောင်လွင့်ကာ ထောင့်စွန်းများလည်း စုတ်နေပါပြီ။ |




| အားလုံးအကျုံးဝင်မှုအတွက် အရင်းအမြစ်ထိထိရောက်ရောက် သုံး/မသုံး | သုံးပါသည် | မသုံးပါ |
|---|---|---|
| အခင်းအကျင်း - ✓ သို့ X ခြစ်ပါ။ | | |
| ၁. ပိုစတာကို တံခါးပိတ်ထားသည့် ဘီရိုနောက်ကျော မှာထားသည်။ | | |
| ၂. အတန်းနံရံ ခါးအမြင့်မှာ ပိုစတာကပ်ထားသည်။ တစ်တန်းလုံးလွယ်လင့်တကူမြင်နိုင်ပါသည်။ | | |
| ၃. အတန်းတွင်းကလေး ၇၀% ရှင်းရှင်းလင်းလင်း မြင်ရပါသည်။ | | |
| ၄. စာလုံးနှင့်ရုပ်ပုံများသေးလွန်းသောကြောင့် ကလေးတစ်ယောက် ဖတ်၍မရပါ။ | | |
| ၅. ပိုစတာကို မျက်နှာကျက်အနီးနံရံအမြင့်ပေါ် ကပ်ထားသည်။ | | |

Source: https://depositphotos.com/97048548 (Creative Commons)

သင်ယူမှုဂျာနယ်တွင်ရေးပြီး တတ်နိုင်လျှင် တွေးတော၊ တွဲဖက်၊ ဝေမျှပါ။

Implemented by: British Council, The Open University, VSO, montrose

## ၂.၁၁ အဖြေ

| အားလုံးအကျုံးဝင်မှုအတွက် အရင်းအမြစ်ထိထိရောက် ရောက် သုံး/မသုံး | သုံးပါသည် | မသုံးပါ | မှတ်ချက် |
|---|---|---|---|
| အခင်းအကျင်း - ✓ သို့ X ခြစ်ပါ။ | | | |
| ၁. ပိုစတာကို တံခါးပိတ်ထားသည့် ဘီရိုနောက်ကျော မှာထားသည်။ | | X | ဘီရိုမဖွင့်လျှင်မည်သူမျှပိုစတာကိုမမြင်နိုင်ပါ။ |
| ၂. အတန်းနံရံ ခါးအမြင့်မှာ ပိုစတာ ကပ်ထားသည်။ တစ်တန်းလုံး လွယ်လင့်တကူ မြင်နိုင်ပါသည်။ | ✓ | | ပိုစတာကိုတစ်တန်းလုံးလွယ်လင့်တကူ မြင်နိုင်ပါသည်။ အမြင့်မှန်သောကြောင့် ထိုင်ပြီး အလုပ်လုပ်စဉ် ကြည့်နိုင်သည်။ |
| ၃. အတန်းတွင်း ကလေး ၇၈% ရှင်းရှင်း လင်းလင်း မြင်ရပါသည်။ | | X | ပိုစတာကို အတန်းချိန်တွင်း ကလေးအချို့မမြင် နိုင်ပါ။ မိမိတို့ကို ချန်ထားသည်ဟု ခံစားရပြီး သင်ယူမှုကိုလည်း ပံ့ပိုးမပေးနိုင်ပါ။ |
| ၄. စာလုံးနှင့်ရုပ်ပုံများ သေးလွန်း သောကြောင့် ကလေးတစ်ယောက် ဖတ်၍မရပါ။ | | X | ပိုစတာကိုလုံးဝမဖတ်နိုင်သောကြောင့် ၎င်းအား ပယ်ထား သည်ဟု ခံစားစေပါသည်။ ပိုစတာကို ကြီးအောင်ချဲ့လျှင် အခြားကလေးများအတွက်လည်း အကျိုးရှိနိုင်ပါမည်။ |
| ၅. ပိုစတာကို မျက်နှာကျက်အနီး နံရံ အမြင့်ပေါ်ကပ်ထားသည်။ | | X | အတန်းထဲမှ ကလေးများငယ်သေးသောကြောင့် ပိုစတာကို ဖတ်ရန် အခက်အခဲရှိပါမည်။ |

ရှေးဦးစွာအနေဖြင့် ပိုစတာတွင် စာလုံးများပျောက်နေပြီး ကလေးများဖတ်ရန်ကြိုးစားရာတွင် ပြဿနာရှိပါသည်။ မိမိတို့ သုံးသည့် အရင်းအမြစ် တစ်ခုစီအကြောင်းနှင့် ၎င်းကိုသုံးစွဲရာတွင် ထိရောက်မှုရှိမရှိ ဆရာ/မတို့ သေသေချာချာစဉ်းစားရန် လိုအပ်ပါသည်။ အတန်းထဲတွင် အရင်းအမြစ်တစ်ခုကို သုံးနေသော ကလေးများအတွက်သာ ကွက်၍ရွေးသည် မဖြစ်ရန်လည်း ဆရာ/မတို့ သတိချပ်ရပါမည် (ဥပမာ ၄)။ အရင်းအမြစ်ကို ကလေးအချို့(သို့) အားလုံး သုံးနိုင်မည့်နည်းကို စဉ်းစားပါ။ ပိုစတာကို ကြီးအောင်ချဲ့ကာ မည်သည့်နေရာမှာထားလျှင် အကောင်းဆုံးဖြစ်ကြောင်း တွေးရုံဖြင့် တစ်တန်းလုံးမှ ဤအရင်းအမြစ်ကို သုံးနိုင်ပါမည်။

အရင်းအမြစ်သည် ၎င်းတို့ကိုမည်ကဲ့သို့အထောက်အကူပြုနိုင်ကြောင်း ကလေးများအားပြသရန်၊ ယင်းအချက်ကို သင်ခန်းစာထဲ ထည့်ပြီး ပြင်ဆင်ရန်၊ ကလေးများ ဆရာလွတ်လုပ်ဆောင်ရာတွင် အရင်းအမြစ်ကို ထိထိရောက်ရောက်အသုံးပြုနိုင်ရေး နမူနာလုပ်ပြပေးရန် လိုမလို စဉ်းစားပါ။

## ၄. အာရုံအမျိုးမျိုးဖြင့်သင်ယူမှု

### လုပ်ဆောင်ချက် ၂.၁၂ အာရုံအမျိုးမျိုးဖြင့်သင်ယူမှု (၁၅ မိနစ်)

မိမိတို့အာရုံအားလုံးဖြင့်သင်ယူမှု- အာရုံအမျိုးမျိုးဖြင့်သင်ယူမှု- အကြောင်း ဗီဒီယိုကို ကြည့်ပါ။

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေပါ။

- ကိန်းဂဏန်းကိုမှတ်မိရန် မည်သည့်ဗျူဟာကိုသုံးပါသနည်း။
- စာလုံးပေါင်းမှတ်သားရန်အထောက်အကူအဖြစ် မည်သည့်ဥပမာကို ဆောင်ထားပါသနည်း။




https://www.youtube.com/watch?v=GR1P7vwGeDo

သင့်ကလေးဘဝအကြောင်းတွေးပါ။ **သစ်ပင်အကြောင်းလေ့လာနိုင်မည့် နည်းလမ်းမျိုးစုံ**စဉ်းစားပါ။ အောက်ပါသစ်ပင်ပုံကို သင်ယူမှုဂျာနယ်တွင်ဆွဲပြီး ဗီဒီယိုနှင့်ချိတ်ဆက်လျက် စိတ်ကူးပြမြေပုံဖန်တီးပါ။ နမူနာနှစ်ခု ပေးထားပါသည်။




/

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## ၂.၁၂ အဖြေ

အကိုင်း၊ ပင်စည်၊ အရွက်၊ အပွင့်နှင့် အသီးများကို ကြည့်ခြင်း

ပုံစံမျိုးစုံ၊ အရောင်မျိုးစုံ မြင်ခြင်း

ပင်စည်၊ အရွက်၊ အပွင့်၊ အသီးတို့ကို ထိတွေ့ခြင်း

ကြမ်း၊ ချောစသည့် ဒြပ်သားမျိုးစုံခံစားခြင်း

အရွက်၊ ပန်းပွင့်၊ အသီးတို့ကို အနံ့ခံခြင်း

အသီးကိုအရသာခံခြင်း




သစ်ကိုင်း၊ သစ်ရွက်တို့ လေအဝှေ့တွင် ရွှေ့လျားသံကြားခြင်း

လူအများ သစ်ပင်အကြောင်းပြောကြားသည်ကို နားထောင်ခြင်း

သစ်ပင်ပတ်လည် လမ်းလျှောက်ခြင်း

သစ်ပင်တက်ခြင်း (သို့) အပင်ထက်ယီးလေးခိုစီးခြင်း

သစ်ပင်အောက်အေးအေးလူလူထိုင်ချိန်ရပြီး စိတ်ခံစားမှုရှိခြင်း

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

၂.၁၂ မှအဖြေများအရ လူအများသည် အာရုံအလုံးစုံသုံးပြီး လေ့လာကြကြောင်းသိရှိရပါသည်။ အကြောင်းအရာတစ်ခုကို လေ့လာရန် အာရုံများများပိုသုံးလေလေ ရေရှည်မှတ်ဉာဏ်နှင့် အချိတ်အဆက်ပိုခိုင်မာလေလေဖြစ်ပါသည်။

# အာရုံအမျိုးမျိုးဖြင့်သင်ယူမှု




Source: Megapixl.com. braininhead (Creative Commons)

**ရေရှည်မှတ်ဉာဏ်**

Implemented by: British Council, The Open University, VSO, montrose

## လုပ်ဆောင်ချက် ၂.၁၃ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှု (၂၀ မိနစ်)

**ယခင်လုပ်ဆောင်ချက်များမှသင်ယူမှုနှင့် ချိတ်ဆက်ခြင်း** ၁) မိမိကလေးဘဝက သစ်ပင်အကြောင်းလေ့လာပုံကိုပြန်တွေးပါ ၂) မိမိတို့သည် သင်ယူပုံအမျိုးမျိုးနှင့် လိုအပ်ချက်အမျိုးမျိုးရှိကြောင်းစဉ်းစားပါ ၃) အားလုံးအကျုံးဝင်သင်ယူမှုကို အထောက်အကူပြုရန် အရင်းအမြစ်ကို မည်သို့ထိထိရောက်ရောက်အသုံးပြုမည့်အကြောင်းစဉ်းစားပါ။

**အခင်းအကျင်း** - သင်သည် အသက် ၅ နှစ်အရွယ် ကလေးများရှိသည့် စာသင်ခန်းတစ်ခန်းထဲရောက်လာပြီး သင်ယူမှု **အရင်းအမြစ် ဘောလုံးတစ်လုံးတည်း**ရှိကြောင်းတွေ့ရသည်။ သင့်တပည့်များသည် စိတ်ဝင်စားမှုအမျိုးမျိုး၊ သင်ယူဟန်အဖုံဖုံနှင့် အခက်အခဲမျိုးစုံဖြင့် ကလေးများ စုံလင်စွာရှိပါသည်။

၁. မိမိဘာသာရပ်မှ အကြောင်းအရာတစ်ခုရွေးပါ (ဥပမာ- ဂဏန်းသင်္ချာမှ ၁-၁၀ ထိ ရေတွက်ခြင်း)
၂. ထိုအကြောင်းအရာကို သင်ယူသူများစိတ်ဝင်စားအောင် အရင်းအမြစ်ကို သုံးနိုင်မည့်နည်းအထွေထွေကိုပြသရန် စိတ်ကူးပြမြေပုံ တစ်ခုဆွဲပါ။ နမူနာအချို့ပေးထားပါသည်။
၃. သင်ယူပုံဘယ်နှစ်ခု ဖော်ထုတ်နိုင်ပါသနည်း။




Source:https://www.flickr.com/photos/25911674@N04/4689758013 (creative commons)

၄. မိမိအတန်းမှ ၅ နှစ်အရွယ် ကလေးများအကြောင်းတွေးပါ။ အချို့ကရေးရသည်ကိုကြိုက်ပြီး အချို့ကမကြိုက်ကြပါ။ အချို့ကစာရွက်ပေါ်ပုံဆွဲတွက်လိုပြီး အချို့ကကိုယ်ထိလက်ရောက်ဖြေရှင်းလိုကြသည်။ အောက်ပါဇယားကိုသုံးပြီး ကလေးတစ်ဦးချင်းစီပါဝင်လာအောင် လုပ်နည်းအမျိုးမျိုးကို စဉ်းစားပါ။

| သင်ယူသူများ၏ လိုအပ်ချက်၊ စိတ်ဝင်စားမှုနှင့် အကြိုက်မတွေ့မှုများ | သင်ခန်းစာခေါင်းစဉ် | ဘောလုံးကိုဘယ်လိုသုံးမည်နည်း |
|---|---|---|
| ရေးရတာမကြိုက်ပါ | ညွှန်ကြားချက်ရေးခြင်း | ဘောလုံးဖြင့်ကစားပြီး ကလေးတို့အား သူတို့ထက်ပိုငယ်သည့် ကလေးများကို ဘောလုံးကန်နည်းသင်ပြရန် ညွှန်ကြားချက်များ ရေးခိုင်းပါ။ |
| သင်္ချာမကြိုက်ပါ | ၁-၁၀ ထိရေတွက်ခြင်း | ၁ မှ ၁၀ ထိအပြန်အလှန်ရေတွက်ရင်း ဘောလုံးကိုပေါက်ပါ။ ၂၊ ၅ စသည်ဖြင့် အဆင့်ဆင့် ရေနိုင်ပါသည်။ |

| | | |
|---|---|---|
| အကြားအားသန်သည့်ကလေး | သိပ္ပံ | ဘောလုံးပေါလောပေါ်မပေါ် ခန့်မှန်းပါ။ သိပ္ပံစမ်းသပ်ချက်တစ်ခု ရေးဆွဲပြီး ကလေးတို့နှင့်စမ်းကြည့်ပါ။ |
| ဖန်တီးလိုသည့်ကလေး | ဆက်သွယ်ရေး | |
| အမြင်အာရုံချို့သည့်ကလေး | | |

## လုပ်ဆောင်ချက် ၂.၁၃ ဆွေးနွေးချက် - အာရုံအမျိုးမျိုးဖြင့်သင်ယူမှု

- သင်ယူမှုဖြစ်စဉ်အစတွင် အချို့အရင်းအမြစ်များသည် အသုံးတည့်နိုင်ကြောင်းစဉ်းစားပါ။ စိတ်ကူးဖြင့်ပုံဖော်သည့်အရာများဆက်မလေ့လာမီ လက်ဆုပ်လက်ကိုင်ပြနိုင် (သို့) မြင်နိုင်သောအရာများကို ဦးစွာသုံးခြင်းဖြင့် - ဥပမာ သင်္ချာတွင် စိတ်တွက်တွက်ခြင်းဖြင့် - ကလေးအချို့ အကျိုးရှိနိုင်ပါသည်။
- အခြားဥပမာများမှာ ကစားစရာ(သို့)အရာဝတ္ထုတစ်ခုသုံးလျက် အရေးအသားလုပ်ဆောင်ချက်ကို မိတ်ဆက်ခြင်းဖြစ်ပါသည်။ အမြင်အာရုံအားသန်သည့်ကလေးတို့ စိတ်ပါဝင်စားစေရန် နာမဝိသေသနသုံးပြီး သရုပ်ဖော်နိုင်ပါသည်။
- ကလေးငယ်များအား အရင်းအမြစ်သုံးနည်း သင်ပြပေးရန်လိုအပ်ပါမည်။ အရင်းအမြစ်ကို ဆရာလွတ်သုံးစေလိုလျှင် မိမိတို့သင်ကြားရေးအတွင်း အသုံးပြုပုံကို နမူနာလုပ်ပြရန် လိုကောင်းလိုပါလိမ့်မည်။

## အထွေထွေဆွေးနွေးချက် - အာရုံအမျိုးမျိုးဖြင့်သင်ယူမှု

- မိမိတို့အားလုံး အာရုံအားလုံးသုံးပြီးလေ့လာကြသည်
  - အမြင်
  - အကြား
  - ရွေ့လျားခြင်းနှင့် ဟန်ချက်ထိန်းခြင်း
  - ထိတွေ့ခြင်း
  - ခံစားခြင်း
  - အနံ့ခံခြင်း
  - အရသာခံခြင်း
- သင်ယူရာတွင် အများစုသည် အာရုံတစ်ခု (သို့) တစ်ခုထက်ပို၍ အားသန်ကြပါသည်။
- မိမိတို့သည် တပည့်များအကြောင်းသိလျှင် ၎င်းတို့အကောင်းဆုံးလေ့လာရာတွင်သုံးသည့် အာရုံကိုလည်းသိနိုင်သည်။
- ကလေးတို့သည် သင်ယူရာတွင် အာရုံအားလုံးသုံးလျှင် အာရုံအားလုံးသန်စွမ်းလာပါမည်။
- အာရုံအမျိုးမျိုးသုံးပြီးလေ့လာခြင်းဖြင့် ပိုမိုမှတ်မိစေနိုင်ပါသည်။

### လုပ်ဆောင်ချက် ၂.၁၄ အာရုံအမျိုးမျိုးဖြင့်သင်ယူမှုကို အသုံးချခြင်း (၄၅ မိနစ်)

ဤလုပ်ဆောင်ချက်တွင် သင့်အတန်းတစ်ခုခုမှ ရိုးရိုးရှင်းရှင်းလုပ်ဆောင်ချက်တစ်ခုအတွက် အာရုံအမျိုးမျိုးဖြင့်သင်ယူမှု အတွေးအမြင်ကို အသုံးချပါ။

စဉ်းစားပါ - အာရုံသုံးမျိုးအထက်ရှိပါသည်

| ကြည့်ပါ | ထိတွေ့ပါ | အသံ |
|---|---|---|



Source: https://pixabay.com (free)



Source: commons.wikimedia.org/ (free)



Source: https://pixabay.com (free)

၁. သင်ခန်းစာအစီအစဉ်မှ **လုပ်ဆောင်ချက်တစ်ခု**အကြောင်းတွေးပါ။ မိမိတပည့်များ အခက်ကြုံလေ့ရှိသည့် ခေါင်းစဉ်တစ်ခု ရွေးချယ်ပါ။

၂. လုပ်ဆောင်ချက်ကို အာရုံများနိုင်သလောက်များများသုံးပြီး သင်နိုင်ရန် **ဒီဇိုင်းပြန်ထုတ်**ပါ။

၃. **မိမိ၏အစီအစဉ်သစ်ကို** သင်တန်းဖော်တစ်ဦး(သို့)အဖွဲ့တွင်း **ဝေမျှပြီး**

- အာရုံတစ်ခုထက်ပိုသုံးလျှင် ပိုမိုနားလည်မလည်
- လုပ်ချက်ကိုပိုမိုကောင်းမွန်စွာမှတ်မိခြင်းရှိမရှိ

တုံ့ပြန်ဖြေကြားကြပါစေ။

သင်ယူမှုဂျာနယ်တွင်ရေးပြီး တတ်နိုင်လျှင်တွေးတော,တွဲဖက်,ဝေမျှပါ။

### ၅. နိဂုံး

ဤသင်ရိုးပိုင်းတွင်အောက်ပါတို့ကိုလုပ်ဆောင်ခဲ့ပါသည်။

၁. မိမိ၏တပည့်များအကြောင်းသိရှိရန် အရေးကြီးကြောင်းရှင်းပြခြင်း

၂. တပည့်များအကြောင်းသိရှိနိုင်သည့် နည်းလမ်းများကို ဆွေးနွေးခြင်း

၃. သင်ယူမှုအရင်းအမြစ်တစ်စုံတစ်ရာသည် အားလုံးအကျုံးဝင်ခြင်းရှိမရှိဆုံးဖြတ်ခြင်း

၄. အာရုံအမျိုးမျိုးဖြင့်သင်ယူမှု၏ အရေးပါပုံကိုရှင်းပြခြင်း

၅. အာရုံအမျိုးမျိုးဖြင့်သင်ယူမှုပါဝင်ရန် သင်ခန်းစာအစီအစဉ်ကို ပြုပြင်ခြင်း

## သင်ရိုးပိုင်းအဓိကအချက်များ

- သင်ယူသူတစ်ဦးချင်းစီအကြောင်းသိရှိခြင်းဖြင့် သင်ယူမှုအပေါ် ကြီးကြီးမားမားသက်ရောက်နိုင်ပါသည်။
- ၎င်းတို့ကိုတန်ဖိုးထားပြီး တွဲခေါ်သည်ဟု သင်ယူသူများခံစားမှုကြောင့် ပါဝင်မှုနှင့်အောင်မြင်မှုတို့ ဖြစ်ထွန်းလာနိုင်ပါသည်။
- သင်ယူသူတစ်ဦးချင်း၏လိုအပ်ချက်များကို သိရှိခြင်းကြောင့် မိမိသင်ကြားရေးကိုလည်း လိုက်လျောညီထွေပြောင်းလဲနိုင်သည်။
- အားလုံးအကျုံးဝင်သည့်အရင်းအမြစ်များကြောင့် သင်ယူသူများသည် မိမိတို့ကို တန်ဖိုးထားအသိအမှတ်ပြုကြောင်းခံစားရပါမည်။
- အာရုံအမျိုးမျိုးဖြင့်ချဉ်းကပ်နည်းသုံးခြင်းဖြင့် သင်ယူမှုပုံစံမည်သို့ပင်ဖြစ်စေ သင်ယူသူအားလုံးပါဝင်လာနိုင်ပါမည်။

## ၆. သင်ရိုးပိုင်း ၂ - အဆုံးသတ်ပဟေဠိ

သင်ယူမှုဂျာနယ်တွင် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။ ရာနှုန်းပြည့်အောင်မြင်ရန် စိတ်ကြိုက် အကြိမ်ကြိမ် ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းများအတွက် အဖြေတစ်ခုထက် ပိုရှိနိုင်ပါသည်။

မေးခွန်း ၁ - မိမိတပည့်များကို အဘယ်ကြောင့် သင် သိရှိသင့်ပါသနည်း (အဖြေ ၂ ခု ရွေးချယ်ပါ)။
(က) မိသားစုနှင့်သူငယ်ချင်းများကို တပည့်များအကြောင်းပြောပြရန်
(ခ) တပည့်များ အကောင်းဆုံးသင်ယူပုံကိုစူးစမ်းရန်
(ဂ) တပည့်များ၏ စိတ်ဝင်စားမှုနှင့်အခက်အခဲအကြောင်းစူးစမ်းရန်
(ဃ) သူတို့အကြောင်း အခြားတပည့်များကို ပြောပြရန်

မေးခွန်း ၂ - တပည့်များအကြောင်းကိုသိလျှင် အောက်ပါတို့ကိုတန်ဖိုးထားကြောင်းပြသရာရောက်ပါသည်။
(က) မိမိအတန်းကို တပည့်များ တက်ရောက်မှု
(ခ) မိမိအတန်းတွင်လူချစ်လူခင်ပေါမှု
(ဂ) မိမိအတန်းတွင်း အဆင့်အတန်းရှိမှု

မေးခွန်း ၃ - သင်ယူမှုလုပ်ဆောင်ချက်များစီစဉ်ရာတွင် တပည့်များအကြောင်းမိမိသိထားသည်များ အသုံးချသည့်အခါ အောက်ပါတို့ကို သင် တန်ဖိုးထားကြောင်း ပြသရာရောက်ပါသည် (အဖြေနှစ်ခုရွေးပါ)။
(က) မိမိကို'ပျော်စရာကောင်းသည့်'ဆရာ/မအဖြစ်မြင်ခြင်း
(ခ) သင်ခန်းစာတွင်းပါဝင်မှု
(ဂ) သင်ယူမှုတွင်အောင်မြင်မှု
(ဃ) မိမိကိုကြိုးစားသည့် ဆရာ/မအဖြစ်မြင်ခြင်း

မေးခွန်း ၄- အားလုံးအကျုံးဝင်သည့်အရင်းအမြစ်ဟူသည်အဘယ်နည်း (အဖြေနှစ်ခုသာရွေးပါ)။
(က) မတူကွဲပြားသည့်လူအများရှိကြောင်းပြသသည့်အရာ
(ခ) မတူကွဲပြားသည့်လူအများအသည် အရေးပါမှု၊ အဆင့်အတန်းနှင့် အခွင့်အလမ်းများ တူညီကြကြောင်းပြသသည့်အရာ
(ဂ) တပည့်များ၏ မတူကွဲပြားမှုများကို လေးစားမှုပြသည့်အရာ
(ဃ) မသန်စွမ်းမှုရှိသည့် တပည့်များ အကျုံးဝင်အောင်လုပ်ပုံကိုပြသသည့်အရာ

မေးခွန်း ၅ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုဟူသည် အဘယ်နည်း။
(က) အာရုံအားလုံးကို သင်ယူမှုအတွက် တစ်ပြိုင်နက်အသုံးချခြင်း
(ခ) သင်ယူမှုအတွက် လုပ်ဆောင်ချက်အသီးသီးတွင် အာရုံအမျိုးမျိုးကိုသုံးခြင်း

မေးခွန်း ၆ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုတွင် မည်သည့်အကျိုးကျေးဇူးရှိပါသနည်း (အဖြေသုံးခုရွေးပါ)။
(က) သင်ယူမှုအတွက်အာရုံအမျိုးမျိုးသုံးခြင်းဖြင့် မသန်စွမ်းမှုရှိသူများ သင်ယူနိုင်ပုံကိုပြသသည်။
(ခ) မိမိတို့အာရုံအားလုံးသုံးခြင်းဖြင့် အာရုံများအားကောင်းလာကာ ပိုမိုသင်ယူနိုင်ပါမည်။
(ဂ) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် မိမိတို့ကလေးဘဝကသင်ယူမှုကို အမှတ်ရစေပါသည်။
(ဃ) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် ဦးနှောက်ပိုအလုပ်လုပ်ရပြီး ပိုမိုမှတ်မိလာသည်။
(င) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် မိမိတို့၏ပိုမိုအားကောင်းလာသည့်အာရုံများကို သင်ယူမှုတွင် အသုံးပြုနိုင်ပါသည်။

## သင်ရိုးပိုင်း ၂ - အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - မိမိတပည့်များကို အဘယ်ကြောင့် သင် သိရှိသင့်ပါသနည်း (အဖြေ ၂ ခု ရွေးချယ်ပါ)။

(က) မိသားစုနှင့်သူငယ်ချင်းများကို တပည့်များအကြောင်းပြောပြရန်

**(ခ) တပည့်များ အကောင်းဆုံးသင်ယူပုံကိုစူးစမ်းရန်**

**(ဂ) တပည့်များ၏ စိတ်ဝင်စားမှုနှင့်အခက်အခဲအကြောင်းစူးစမ်းရန်**

(ဃ) သူတို့အကြောင်း အခြားတပည့်များကို ပြောပြရန်

မေးခွန်း ၂ - တပည့်များအကြောင်းကိုသိလျှင် အောက်ပါတို့ကိုတန်ဖိုးထားကြောင်းပြသရာရောက်ပါသည်။

**(က) မိမိအတန်းကို တပည့်များ တက်ရောက်မှု**

(ခ) မိမိအတန်းတွင်လူချစ်လူခင်ပေါမှု

(ဂ) မိမိအတန်းတွင်း အဆင့်အတန်းရှိမှု

မေးခွန်း ၃ - သင်ယူမှုလုပ်ဆောင်ချက်များစီစဥ်ရာတွင် တပည့်များအကြောင်းမိမိသိထားသည်များ အသုံးချသည့်အခါ အောက်ပါတို့ကို သင် တန်ဖိုးထားကြောင်း ပြသရာရောက်ပါသည် (အဖြေနှစ်ခုရွေးပါ)။

(က) မိမိကို'ပျော်စရာကောင်းသည့်'ဆရာ/မအဖြစ်မြင်ခြင်း

**(ခ) သင်ခန်းစာတွင်းပါဝင်မှု**

**(ဂ) သင်ယူမှုတွင်အောင်မြင်မှု**

(ဃ) မိမိကိုကြိုးစားသည့် ဆရာ/မအဖြစ်မြင်ခြင်း

မေးခွန်း ၄- အားလုံးအကျုံးဝင်သည့်အရင်းအမြစ်ဟူသည်အဘယ်နည်း (အဖြေနှစ်ခုသာရွေးပါ)။

(က) မတူကွဲပြားသည့်လူအများရှိကြောင်းပြသသည့်အရာ

**(ခ) မတူကွဲပြားသည့်လူအများအသည် အရေးပါမှု၊ အဆင့်အတန်းနှင့် အခွင့်အလမ်းများ တူညီကြကြောင်းပြသသည့်အရာ**

**(ဂ) တပည့်များ၏ မတူကွဲပြားမှုများကို လေးစားမှုပြသည့်အရာ**

(ဃ) မသန်စွမ်းမှုရှိသည့် တပည့်များ အကျုံးဝင်အောင်လုပ်ပုံကိုပြသသည့်အရာ

မေးခွန်း ၅ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုဟူသည် အဘယ်နည်း။

(က) အာရုံအားလုံးကို သင်ယူမှုအတွက် တစ်ပြိုင်နက်အသုံးချခြင်း

**(ခ) သင်ယူမှုအတွက် လုပ်ဆောင်ချက်အသီးသီးတွင် အာရုံအမျိုးမျိုးကိုသုံးခြင်း**

မေးခွန်း ၆ - အာရုံအမျိုးမျိုးဖြင့်သင်ယူမှုတွင် မည်သည့်အကျိုးကျေးဇူးရှိပါသနည်း (အဖြေသုံးခုရွေးပါ)။

(က) သင်ယူမှုအတွက်အာရုံအမျိုးမျိုးသုံးခြင်းဖြင့် မသန်စွမ်းမှုရှိသူများ သင်ယူနိုင်ပုံကိုပြသသည်။

**(ခ) မိမိတို့အာရုံအားလုံးသုံးခြင်းဖြင့် အာရုံများအားကောင်းလာကာ ပိုမိုသင်ယူနိုင်ပါမည်။**

(ဂ) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် မိမိတို့ကလေးဘဝကသင်ယူမှုကို အမှတ်ရစေပါသည်။

**(ဃ) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် ဦးနှောက်ပိုအလုပ်လုပ်ရပြီး ပိုမိုမှတ်မိလာသည်။**

**(င) အာရုံအမျိုးမျိုးသုံးပြီးသင်ယူခြင်းဖြင့် မိမိတို့၏ပိုမိုအားကောင်းလာသည့်အာရုံများကို သင်ယူမှုတွင် အသုံးပြုနိုင်ပါသည်။**

## ၇. သင်ကြားသင်ယူမှုကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း

### လုပ်ဆောင်ချက် ၂.၁၅ မိမိကိုယ်တိုင်၏သင်ကြားရေးအလေ့အကျင့်ကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း (၃၀ မိနစ်)

မိမိစောစောပိုင်းကလုပ်ခဲ့သည့် လုပ်ဆောင်ချက်များအတွက် အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း - တပည့်များကို မည်မျှသိရှိကြောင်း၊ အာရုံအထွေအထွေ သင်ယူမှု မည်မျှသုံးဖြစ်ကြောင်း ဌာနမှူးက တွေ့ဆုံမေးမြန်းလိုပါသည်။ **အောက်ပါအဆိုများကို ဖြည့်**ခိုင်းပါသည်။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါ။

၁. ------- ကိုလုပ်ခြင်းဖြင့် အာရုံအမျိုးမျိုးဖြင့် လုပ်ဆောင်ချက်ကိုသုံးရန်စီစဉ်ထားပါသည်။
၂. -------- ကိုလုပ်ခြင်းဖြင့် မိမိတပည့်များကို လက်တွေ့ကွင်းဆင်းသင်ကြားစဉ် အာရုံအမျိုးမျိုးဖြင့် သင်ယူမှု လုပ်ဆောင်ချက်များကို လုပ်စေပါမည်။

### လုပ်ဆောင်ချက် ၂.၁၆ - မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု (၁၀ မိနစ်)

ပြန်လည်သုံးသပ်ပါ - ယခုအခါ **သင့်တပည့်**များ**အကြောင်း သင် မည်မျှလောက်ကောင်းကောင်းသိသည်**ဟု ထင်ပါသနည်း။ အောက်ပါစကေးတွင် မိမိကို အနီးစပ်ဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။




သင်ရိုးပိုင်းအစ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်သည့် အမှတ်ကို ဤအမှတ်နှင့်**နှိုင်းယှဉ်**ပါ။ ခြားနားချက်ရှိခဲ့လျှင် သင်ယူမှု ဂျာနယ်တွင် မိမိအတွေးအမြင်ကို အတိုချုံးသုံးသပ်ရေးသားပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

# မိမိ၏ကျောင်းသူ/သားများအတွက် ဒုတိယကတိ

၁ **စီစဉ်ပါ**
စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။

၂ **လုပ်ဆောင်ပါ**
အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိကလေးများကို **ကတိပေးပါ**။

၃ **သုံးသပ်ပါ**
'x'အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကလေးတို့နှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ ‘ကတိကဝတ်များ’အပိုင်းတွင် မိမိ၏ဒုတိယကတိကိုထပ်ထည့်ပါ။**

**သင်ရိုးပိုင်းတစ်ခုချင်းတွင် သင့်သင်ယူသူများကိုပေးရမည့်ကတိတစ်ခုစီပါပါသည်။ စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

## ကျမ်းကိုး

EENET - Enabling Education Network (2017) Programme 6 – Understanding learners needs
YouTube - https://www.youtube.com/watch?v=ENvkE_0N3jo

Powell, W. & Kusuma-Powell, O. (2011) How to Teach Now
Available online at:
http://www.ascd.org/publications/books/111011/chapters/Knowing-Our-Students-as-Learners.aspx

Special Wing Chennai (2020) Academic activity – Multisensory Learning
YouTube - https://www.youtube.com/watch?v=GR1P7vwGeDo

UNESCO (2015) Embracing Diversity: toolkit for creating inclusive, learning-friendly environments – Booklet 4.
Available online at:
https://unesdoc.unesco.org/ark:/48223/pf0000137522_bur

## နောက်ဆက်တွဲ ၁ - **သင်ယူသူများကို သိရှိခြင်း**

**စာပိုဒ် ၁ (ပိုလွယ်သည့်မှု)** – ဗီလျံပေါင်းဝဲ(လ်)နှင့်အိုချန်ကုဆုမပေါင်းဝဲ(လ်)တို့၏ 'အခုဘယ်လိုသင်ကြမလဲ'ကို မှီငြမ်းထားပါသည် (ဖတ်ချိန် ၁၅ မိနစ်)။

**သင်ယူသူများအကြောင်းအား အဘယ်ကြောင့်သိရှိသင့်ပါသလဲ**

- သင်ယူသူတိုင်းအတွက် **လုံခြုံသည့်ဝန်းကျင်**တစ်ခုဖော်ဆောင်ပေးပြီး ၎င်းတို့ မိမိကိုယ်ကို ပိုမိုယုံ**ကြည်စိတ်ချ**လာစေရန်
- သင်ယူသူတစ်ယောက်ချင်း၏ **'သင်ယူရန်အဆင်သင့်ဖြစ်မှု'**ကိုနားလည်ရန် (သင်ယူရန်မည်မျှအဆင်သင့်ဖြစ်ပြီး စိတ်ပါတက်ကြွကြောင်း)
- သင်ယူသူများ၏စိတ်ပါဝင်စားမှု၊ အတွေ့အကြုံနှင့် တွေးခေါ်ပုံကို သိသည့်အခါ **ဘာသာရပ်တစ်ခုကို မိတ်ဆက်နည်းမျိုးစုံကို ဖော်ထုတ်**နိုင်ပါသည်။
- ဂရုတစိုက် နားလည်မှုပေးသည့်နည်းလမ်းဖြင့် သင်ယူသူများအား **တုံ့ပြန်ဆက်ဆံ**ရန်
- သင်ယူသူများ၏ သင်ယူမှုအတွက် **အထိရောက်ဆုံးဖြစ်အောင် စီစဉ်သင်ကြား**ရန်

**သင်ယူမှုပရိုဖိုင်း**

သင်ယူမှုပရိုဖိုင်းသုံးခြင်းဖြင့် သင်ယူသူများကို သိရန်အထောက်အကူဖြစ်ပါသည်။ အသုံးဝင်သည့် ပရိုဖိုင်းတွင် အသွင်အပြင် ၅ ရပ် အကြောင်း အချက်အလက်များပါဝင်ပါသည်။ သင်ယူသူများကို သိရှိရင်းနှင့် အောက်ပါအချက်အလက်များကို ကောက်ယူနိုင်ပါသည်။

၁. ဇီဝဆိုင်ရာအခြင်းအရာများ
၂. ယဉ်ကျေးမှုနှင့်ရပ်ရွာဆိုင်ရာအခြင်းအရာများ
၃. စိတ်ခံစားချက်နှင့်လူမှုရေးဆိုင်ရာအခြင်းအရာများ
၄. ပညာရေးအတွက်အဆင်သင့်ဖြစ်မှု
၅. အကောင်းဆုံးသင်ယူနိုင်ပုံ

**၁. ဇီဝဆိုင်ရာအခြင်းအရာ**

ကျား/မ
အသက်
ကိုယ်ကာယပိုင်းဆိုင်ရာဖွံ့ဖြိုးမှု
ကိုယ်ကာယပိုင်းဆိုင်ရာအခက်အခဲများ
ကျန်းမာရေး
လှုပ်ရှားမှုစွမ်းရည် (လှုပ်ရှားမှု အကြီးနှင့်အသေးအတွက် စွမ်းရည်)
ချိန်ညှိတွဲဖက်မှု
သင်ယူမှုအခက်အခဲများ

အချို့ဇီဝဆိုင်ရာ အခြင်းအရာများသည် သင်ယူမှုအတွက် အတားအဆီးဖြစ်နိုင်ပါသည်။ သင်ယူသူ၏သင်ယူမှုတွင် အားလုံးအကျုံးဝင်သင်ယူသည့် ဝန်းကျင်တစ်ရပ် ဖန်တီးပြီး ပံ့ပိုးမှုပေးနိုင်အောင် ဖြစ်နိုင်ခြေရှိသည့် အတားအဆီးများကိုသိရှိရန် အရေးကြီးပါသည်။ ထိုအခြင်းအရာများ အတားအဆီးမဖြစ်အောင်လုပ်နိုင်ပါသည်။

သင်ယူသူ၏ ဆေးဘက်ဆိုင်ရာသမိုင်း၊ မိသားစုသမိုင်းနှင့် ၎င်းတို့တိုးတက်လာခဲ့ပုံနှင့် တိုးတက်နေပုံတို့မှ အဆိုပါ အချက်အလက်များ ရရှိနိုင်ပါသည်။

## ၂. ယဉ်ကျေးမှုနှင့်ရပ်ရွာဆိုင်ရာအခြေအနေများ

သင်ယူသူ၏စီးပွားရေးအခြေအနေ
တိုင်းရင်းသားနှင့်လူမျိုး နောက်ခံအကြောင်း
ယဉ်ကျေးမှု ဝိသေသ
ဘာသာစကား
ကိုးကွယ်သည့်ဘာသာ
ဓလေ့ထုံးတမ်းနှင့်တန်ဖိုးထားမှုများ
ကျား/မဆိုင်ရာမျှော်လင့်ချက်များ

ပဋိပက္ခ၊ ကြီးပွားမှု (သို့) ဆင်းရဲမွဲတေမှုတို့သည် သင်ယူသူများရရှိနိုင်သည့် သင်ယူမှု အရည်အသွေးနှင့် အမျိုးအစားအပေါ် ကြီးကြီးမားမား သက်ရောက်မှုရှိပါသည်။ ယဉ်ကျေးမှုဝိသေသသည် သင်ယူသူများနှင့် ၎င်းတို့၏မိသားစုများ၏ မျှော်မှန်းချက်များ၊ တန်ဖိုးထားမှုများနှင့် သင်ယူသူများ၏တွေးခေါ်မှုအပေါ် သက်ရောက်မှုရှိပါသည်။

## ၃. စိတ်ခံစားချက်နှင့်လူမှုပြဿနာများ

မိသားစုဖွဲ့စည်းပုံ
မိသားစုသမိုင်းကြောင်း
မကြာသေးမီ မိသားစုအတွင်းပြောင်းလဲမှု (သို့) သေဆုံးမှု
စိတ်နေသဘောထား
ပုဂ္ဂိုလ်ရည်သွေး
အတန်းတွင်းတွင် သင်ယူသူ၏အဆင့်အတန်း
မိမိကိုယ်မိမိလေးစားမှု - သင်ယူသူကို အားပေးခြင်း၊ ချီးကျူးခြင်း စသည်ဖြင့်

ကျောင်းတွင် သင်ယူသူများတက်ရောက်ပုံနှင့် ပါဝင်သင်ယူနိုင်ပုံအပေါ် ၎င်းတို့၏ စိတ်ခံစားချက်ဆိုင်ရာအတွေ့အကြုံများက သက်ရောက်ပါမည်။ သင်ယူသူများနှင့် သူတို့၏မိသားစုများအကြောင်းကိုသိလျှင် သင်ယူသူများဆက်လက်သင်ယူနိုင်ရေးအတွက် ကူညီနိုင်သည့်နည်းလမ်းများကို ဖွေရှာနိုင်ပါမည်။ မူလတန်းစာသင်ခန်းအတွင်းမှာပင်လျှင် သင်ယူသူများကိုယ်တိုင်နှင့်အချင်းချင်း အောက်ပါအတိုင်း ခွဲခြားလေ့ရှိပါသည်။

- မိမိကိုယ်တိုင်နှင့် အချင်းချင်း ပညာသင်ယူရာတွင် မည်မျှအောင်မြင်ကြောင်းထားရှိသည့်အမြင် (ပညာရေးအဆင့်အတန်း)
- မိမိကိုယ်တိုင်နှင့်အချင်းချင်း မည်မျှဆွဲဆောင်မှုရှိပုံအမြင်
- မိမိကိုယ်တိုင်နှင့်အချင်းချင်းမည်မျှလူချစ်လူခင်ပေါကြောင်းထင်မြင်ပုံ (သက်တူရွယ်တူကြား အဆင့်အတန်း)

အထက်ပါအဆင့်အတန်း အနိမ့်ပိုင်းတွင်ရှိသည့် (အဆင့်နိမ့်သည့်)ကလေးသည် မိမိသည် မသင်ယူနိုင်ဟုထင်နိုင်ပြီး စိတ်ဓါတ်လည်း ကျသွားနိုင်ပါသည်။ ကျွန်ုပ်တို့သည် သင်ယူသူများကိုသိရှိပြီး ၎င်းတို့က မိမိအဆင့်နိမ့်သည်ဟု

ထင်မြင်နေကြောင်း နားလည်လျှင် သင်ယူသူများအရေးပါကြောင်းနှင့်  ၎င်းတို့ကိုတန်ဖိုးထားကြောင်းပြသနိုင်သည့် အခွင့်အလမ်းများကို ရှာဖွေနိုင်ပါသည်။

**၄. ပညာရေးအတွက်အဆင်သင့်ဖြစ်မှု**

- သင်ယူသူ၏တွေးခေါ်မှုစွမ်းရည်အထောက်အထား
- အာရုံပြု စူးစိုက်နိုင်သည့်ကျွမ်းကျင်မှု
- အတိတ်တွင် သင်ယူရာ၌အောင်မြင်မှု
- စာဖတ်စွမ်းရည်
- အပြောအဆိုဖွံ့ဖြိုးမှု
- အရေးအသားကျွမ်းကျင်မှု
- အစဉ်အတိုင်းစီရာတွင်ကျွမ်းကျင်မှု
- အမျိုးအစားခွဲခြင်းတွင် ကျွမ်းကျင်မှု
- ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များကို ဖော်ထုတ်ရာတွင် ကျွမ်းကျင်မှု

ပညာရေးအတွက်အဆင်သင့်ဖြစ်မှု (သို့) ကျောင်းပညာသင်ရန်အဆင်သင့်ဖြစ်မှုကို ထိရောက်သောသင်ကြားရေးဖြင့် ဖော်ဆောင်နိုင်ပါသည်။ ယင်းသည် အခြေအနေ၊ အကြောင်းအရာ (သို့) ဘာသာရပ်နှင့် သင်ယူသူ၏ဖွံ့ဖြိုးမှုအဆင့်အရ ကွဲပြားနိုင်ပါသည်။ သင်ယူမှုလုပ်ဆောင်ချက်နှင့် သင်ယူသူ၏ ပညာရေးအတွက်အဆင်သင့်ဖြစ်မှုအဆင့်ကိုက်ညီလျှင် သင်ယူမှု ပိုမိုထိရောက်ပါသည်။ ပညာရေးအတွက် အဆင်သင့်သိပ်မဖြစ်သေးသည့် သင်ယူသူများသည် ရှင်းလင်းသော တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားချက်များကို လိုအပ်ပါသည်။ ပိုမိုအဆင်သင့်ဖြစ်သည့်ကလေးများက အဖြေစုံထွက်သည့် အပွင့်လုပ်ဆောင်ချက်များမှ ပိုမိုတတ်မြောက်နိုင်ပါသည်။
သင်ယူသူက သင်ယူမှုအပေါ်ထားရှိသည့် သဘောထားနှင့် ၎င်း၏ပေါက်မြောက်အောင်မြင်မှုသည် မိမိတို့က သင်ယူသူ၏ ကျွမ်းကျင်မှုအဆင့်ကို သိနိုင်စွမ်းနှင့် သင့်တော်သည့်လုပ်ဆောင်ဖွယ်များပေးနိုင်မှုအပေါ် မူတည်ပါသည်။

**၅. အကောင်းဆုံးသင်ယူပုံ**

- စိတ်ဝင်စားမှု
- ဉာဏ်ရည်အားကောင်းမှု
- သင်ယူမှုပုံစံများ
- ထုတ်လုပ်မှုပုံစံများ
- ပတ်ဝန်းကျင်မှသြဇာညောင်းမှုများ

သင့်တပည့်များ၏ စိတ်ဝင်စားမှုများကိုသိလျှင် သင်ရိုးညွှန်းတမ်းကို ထိုစိတ်ဝင်စားမှုများနှင့်ချိတ်ဆက်ပေးနိုင်ပါသည်။ ဆိုလိုသည်မှာ သင်ယူသူများကိုယ်တိုင်၏ စိတ်အားတက်ကြွမှုကိုအကြောင်းပြုလျက် သင်ယူမှုကို အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။ တက်ကြွသည့် တစ်သက်တာသင်ယူသူများကို မွေးထုတ်ပေးရာတွင် သုံးနိုင်မည့် အားအကောင်းဆုံး ဗျူဟာတစ်ခုလည်း ဖြစ်ပါသည်။

ကလေးတို့**ဉာဏ်ရည်အားကောင်းမှုများ**ကို သိထားလျှင် အကောင်းဆုံးသင်ယူမှုအတွက်လုပ်ဆောင်ဖွယ်များကိုလည်း ဆုံးဖြတ်နိုင်ပါမည်။ ရောဘတ်စတန်းဘတ် (၁၉၈၅)က ခွဲခြမ်းစိတ်ဖြာနိုင်သောအသိဉာဏ်၊ လက်တွေ့ကျသောအသိဉာဏ်နှင့် ဖန်တီးနိုင်သောအသိဉာဏ် သုံးမျိုးကိုရှင်းပြထားပါသည်။

- **ခွဲခြမ်းစိတ်ဖြာသောအသိဉာဏ်** - ခွဲခြမ်းစိတ်ဖြာနိုင်သော အသိဉာဏ်အားကောင်းသည့် သင်ယူသူများသည် အချက်အလက် စုစည်းခြင်း၊ အကြောင်းအကျိုးနားလည်ခြင်း၊ ကြောင်းကျိုးညီညွတ်စွာ ခွဲခြမ်းစိတ်ဖြာခြင်း၊ မှတ်စုရေးခြင်းနှင့် ဆက်နွယ်ဖြစ်စဉ်ကို သိရှိခြင်းစသည့် လုပ်ဆောင်ဖွယ်များဖြင့် ကောင်းစွာသင်ယူနိုင်ပါသည်။
- **လက်တွေ့ကျသောအသိဉာဏ်** - လက်တွေ့ကျသော အသိဉာဏ်အားကောင်းသည့် သင်ယူသူများအား လက်တွေ့ဘဝပြဿနာများ ဖြေရှင်းခိုင်းရန်လိုပါသည်။ ထိုသင်ယူသူများသည် ဆရာ/မတို့က စာသင်ခန်းပြင်ပ တစ်ကယ့်လောကနှင့် ဆက်စပ်သင်ကြားသည့်အခါ အကောင်းဆုံးသင်ယူနိုင်ကြပါသည်။

- **ဖန်တီးနိုင်သောအသိဉာဏ်** - ဖန်တီးနိုင်သော အသိဉာဏ်အားကောင်းသည့် သင်ယူသူများသည် တစ်မူထူးခြားစွာ တွေးတောတတ်ကြပါသည်။  လူတကာလို 'အလုပ်'မလုပ်ဘဲ အတွေးအမြင်များကို စမ်းသပ်လုပ်ဆောင်ဖန်တီးမှုကို ပိုကြိုက်ကြပါသည်။

မိမိတို့တပည့်များသည် အသိဉာဏ်အမျိုးအစားသုံးမျိုးလုံးရှိပြီးအသုံးပြုကြသော်လည်း တစ်ခုခုတွင်အားသန်ကာ ထိုအားသန်သည့် အသိဉာဏ်ဖြင့် အကောင်းဆုံးသင်ယူနိုင်လေ့ရှိပါသည်။ တစ်ခါတစ်ရံ ကလေးတို့က အခြေအနေတစ်ရပ်တွင် သင်ယူပုံတစ်မျိုးဖြင့် ကောင်းစွာသင်ယူနိုင်သော်လည်း နောက်အခြေအနေတစ်ရပ်တွင် နောက်တစ်နည်းဖြင့် ကောင်းစွာ သင်ယူနိုင်ပါသည်။ မိမိတပည့်များ မည်သည့်**သင်ယူပုံကို** ပိုမိုနှစ်သက်ကြောင်းသိထားလျှင် သင်ယူမှုလုပ်ဆောင်ချက်အမျိုးမျိုးကို ရွေးချယ်ဆုံးဖြတ်နိုင်ပါမည်။

**ထုတ်လုပ်မှုဟန်** ဟူသည်မှာ သင်ယူသူများသည် တတ်မြောက်မှုကိုဖော်ပြရာတွင် မိမိတို့ပိုမိုနှစ်သက်သောနည်းလမ်းများ ဖြစ်သည်။ ပြောဆိုခြင်း၊ ရေးသားခြင်း၊ လှုပ်ရှားမှု သို့မဟုတ် အမြင်အာရုံအမျိုးမျိုးသုံးခြင်းဖြင့် ဖော်ပြနိုင်ပါသည်။

အတန်း**ပတ်ဝန်းကျင်မှသြဇာညောင်းမှု**က သင်ယူမှုအပေါ် သက်ရောက်နိုင်ပါသည်။ အတန်းတွင်း ပူလွန်းအေးလွန်းလျှင် သင်ယူသူများ အာရုံမစိုက်နိုင်ပါသလား။ သင်ယူသူများ အကောင်းဆုံးတွေးခေါ် နိုင်သည့်အချိန်မှာ နံနက်ခင်းလား၊ နေ့ခင်းလား။ ဤအရာများကို သိထားခြင်းဖြင့် အကောင်းဆုံးသင်ကြားနိုင်ရန် မိမိတို့ပြင်ဆင်ထားနိုင်ပါမည်။

မိမိတို့တပည့်များ၏ သင်ယူမှုဆိုင်ရာအချက်အလက်များကို နည်းလမ်းမျိုးစုံဖြင့် ရယူနိုင်ပါသည်။ အသုံးအများဆုံးနည်းများမှာ အတိတ်မှတ်တမ်းများကြည့်ခြင်း၊ သင်ယူသူ (သို့) မိဘများကို တွေ့ဆုံမေးမြန်းခြင်းနှင့် သင်ယူသူကို ကြည့်ရှုလေ့လာခြင်းတို့ ဖြစ်ပါသည်။

– 'How to Teach Now' by William Powell and Ochan Kusuma-Powell (text 2) ကို မှီငြမ်းပါသည်။

www.ascd.org/publications/books/111011/chapters/Knowing-Our-Learners-as-Learners.aspx